ကြေးမုံ The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (5-5-2004) (၄၂၂၄)

အရိယ သစ္စာန ဒဿနံ တော် မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

လှည့်လည်ကြည့်ရှုအားပေး

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စိန်ရတုခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ယနေ့ထုတ်

စောင်ရေ

၁၉၆၈၂၀



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန်　　မေ　　၄

၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမဦး ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❃

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပညာရေးဝန်ကြီးဌာန အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ရာ ပြည်နယ်နှင့်တိုင်း ကိုယ်စားပြု ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၄ဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

The Mirror

၅-၅-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

မူးယစ်ဆေးဝါးချုပ်ငြိမ်းပပျောက်ရေး တားဆီးနှိမ်နင်းမှုများ အရှိန်အဟုန်မြှင့်တင်

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၊ ဒေသတိုင်းတွင် လူသားအားလုံးကို ခြိမ်းခြောက် အန္တရာယ်ပြုလျက်ရှိသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါး အမြစ်ပြတ်ပပျောက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြသည်။

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်လျက်ရှိသည်။ မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်ဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်မှ စတင်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ အဆိုပါစီမံကိန်းကို ငါးနှစ်စီမံကိန်း သုံးကြိမ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် ပထမငါးနှစ်စီမံကိန်းကာလ ပြီးဆုံးတော့မည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူတို့၏ ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် ကြိုးပမ်းလျက်ရှိရာ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ တိုးတက်အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တွေ့ရသည်။

မူးယစ်ဆေးဝါးပပျောက်ရေး (၁၅) နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်းကာလအတွင်း လုပ်ငန်းများ ပိုမိုသွက်လက် မြန်ဆန်စွာ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ပန်းတိုင်သစ်စီမံကိန်းကို ထပ်မံအားဖြည့် အကောင်အထည်ဖော်လျက်ရှိသည်။

ပန်းတိုင်သစ်စီမံကိန်းအရ မူးယစ်ဆေးဝါးပပျောက်စေရေးအတွက် ဘိန်းစိုက်ခင်းများအား ဖျက်ဆီးပြီး အစားထိုးသီးနှံများ စိုက်ပျိုးလုပ်ကိုင်စေလျက်ရှိရာ တောင်သူများအား လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဖြည့်ဆည်းပေးလျက်ရှိသည်။ ဒေသခံတောင်သူများအား ဘိန်းအစားထိုး သီးနှံမျိုးစေ့များ ဖြန့်ဝေစိုက်ပျိုးစေခြင်း၊ မွေးမြူရေးလုပ်ငန်းအတွက် တိရစ္ဆာန်မျိုးများ ဖြန့်ဝေပေးခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များ ပညာပေးပြသ အကူအညီပေးလျက်ရှိသည်။

အထူးသဖြင့် ပန်းတိုင်သစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရာတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ဘိန်းစိုက်တောင်သူများကိုယ်တိုင်က အသိစိတ်ဓာတ်ဖြင့် ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်၍ ဘိန်းမျိုးစေ့များ အပ်နှံလာခြင်း၊ ဘိန်းမျိုးစေ့များ မီးရှို့ဖျက်ဆီးခြင်းတို့ကို တက်တက်ကြွကြွ ဆောင်ရွက်လာကြောင်း တွေ့မြင်ကြားသိရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မေလ ၂ ရက်နေ့တွင် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက် အုပ်ချုပ်မှုခန်းမ၌ ကျင်းပသော မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၁/၂၀၀၄)သို့ တက်ရောက်၍ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အလေးပေးဆောင်ရွက်ရမည့် ကိစ္စရပ်များကို ထည့်သွင်းပြောကြားသွားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ (၁၅)နှစ်စီမံကိန်း၏ ပထမငါးနှစ် စီမံကိန်းလုပ်ငန်းများ၊ ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေပြီး ဘိန်းစိုက်ပျိုးမှု၊ ထုတ်လုပ်မှုများ သိသိသာသာ ထူးထူးခြားခြား လျော့နည်းကျဆင်းလာနေသည်ကို တွေ့ရသကဲ့သို့ စိတ်ကြွရူးသွပ်ဆေးပြားများ ပြန်လည်ခေါင်းထောင်မလာစေရအောင် အလေးပေးတားဆီးနှိမ်နင်းမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း** မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ငါးနှစ်တာကာလအတွင်း ဘိန်းချက်စက်ရုံ ၃၃ရုံနှင့် ဘိန်းခင်းဧက ခြောက်သောင်းကျော်ဖျက်ဆီးနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးများအား ဖမ်းဆီး၍ ပြစ်ဒဏ်ချမှတ်မှုများ ဆောင်ရွက်နိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းနှင့် ပန်းတိုင်သစ်စီမံကိန်းတို့ကို တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်လျက်ရှိရာ အောင်မြင်ဖြစ်ထွန်းမှုများ ရလျက်ရှိသည့်နည်းတူ မူးယစ်ဆေးဝါးများ လုံးဝ ချုပ်ငြိမ်းပပျောက်စေရေးအတွက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှုလုပ်ငန်းများကို ဆက်လက်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငြေး ရေနံမြေများစစ်ဆေး ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်ရေး ဝန်ထမ်းများအားမှာကြား

ရန်ကုန် မေ ၄

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငြေးသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း သာကြီးတောင်ရေနံမြေသို့ရောက်ရှိပြီး ရေနံမြေအတွင်းရှိ ဝိဇ္ဇာဂူရ ရသေ့တောင်တော်တွင် စွမ်းအင်ဝန်ကြီးဌာန မိသားစုများနှင့် စေတနာရှင်များစုပေါင်းတည်ထားသည့် လောကမုနိဆုတောင်းပြည့်စေတီတော်အား ထီးတော်တင်လှူပူဇော်ပွဲသို့ တက်ရောက်ကြည်ညို၍ စိန်ဖူးတော်တင်လှူပူဇော်သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရေနံမြေရိပ်သာ၌ မန်နေဂျာနှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ ရေနံနှင့် သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် ဝန်ကြီးဌာန၏ မှာကြားချက်များကို လိုက်နာကြရန်၊ ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းစေရန်၊ အောက်ခြေဝန်ထမ်းအဆင့်အထိ နားလည်သဘောပေါက်အောင် ရှင်းလင်းရန် မှာကြားဆွေးနွေးပြီး ဆက်လက်ထွက်ခွာလာရာ ကျွန်းချောင်းရေနံဓာတ်ငွေ့ရည် စက်ရုံသို့ ရောက်ရှိသည်။

စက်ရုံ ရှင်းလင်းဆောင်တွင် ဒုတိယဝန်ကြီးသည် ခေတ္တစက်ရုံမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများအား တွေ့ဆုံ၍ စက်ရုံ စမ်းသပ် လည်ပတ်နိုင်အောင် လုပ်ငန်းအသေးစိတ်စီစဉ်ပြင်ဆင်ရန်၊ လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာ ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး ဆက်လက်ထွက်ခွာလာရာ ချောက်မြို့သို့ ညနေပိုင်းတွင် ရောက်ရှိသည်။

ဒုတိယဝန်ကြီးသည် ချောက်ရေနံမြေ ဝန်ထမ်းရိပ်သာခန်းမ၌ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့မှ ဝန်ထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများလိုက်နာရေး၊ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ နေထိုင်ကျင့်ကြံရေးမှာကြားပြီး ချောက်ရေနံချက်စက်ရုံနှင့် ဝန်ထမ်းအိမ်ရာများအား လှည့်လည်စစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၃၀ရက် နံနက်ပိုင်းတွင် ရေနံချောင်း ရေနံမြေသို့ရောက်ရှိပြီးရေနံမြေခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍လည်းကောင်း၊ မကွေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ တိုင်းနယ်မြေအတွင်း စွမ်းအင်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုအစီအမံကို လည်းကောင်း ညှိနှိုင်းဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် မေ၁ရက် နံနက်ပိုင်းတွင် မန်းရေနံမြေဝန်ထမ်းခန်းမ၌ မန်းရေနံမြေ၊ ထောက်ရှာပင်ရေနံမြေ၊ မင်းဘူး ရေနံဓာတ်ငွေ့ရည် စက်ရုံ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေး မှာကြားပြီး မြန်အောင်မြို့သို့ ဆက်လက်ထွက်လာရာ ညနေပိုင်းတွင် ရောက်ရှိသည်။

ဒုတိယဝန်ကြီးသည် မြန်အောင်ရေနံမြေတွင် တူးဖော်လျက်ရှိသော ရေနံတွင်းများ၊ ထပ်မံတူးဖော်မည့်တွင်းများအတွက် လိုအပ်သော တွင်းသုံးပစ္စည်းများကို ညှိနှိုင်းဆွေးနွေးပြီး ရွှေပြည်သာ သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်သည်။

ဒုတိယဝန်ကြီးသည် ရွှေပြည်သာ သဘာဝဓာတ်ငွေ့မြေ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု၊ သိုလှောင်မှု၊ ဖြန့်ဖြူးမှု၊ လုံခြုံရေးဆောင်ရွက်ထားရှိမှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး တိုးတက်တူးဖော်ထုတ်လုပ်မည့် အစီအမံများကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငြေး ရွှေပြည်သာ သဘာဝဓာတ်ငွေ့မြေရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

အဘိဓမ္မာဝိသုဒ္ဓိမဂ် အဘိဓမ္မာဂုဏ်ထူးဆောင် သင်တန်းများပို့ချမည်

ရန်ကုန် မေ ၄

သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနက အဘိဓမ္မာဝိသုဒ္ဓိမဂ်၊ အဘိဓမ္မာဂုဏ်ထူးဆောင်သင်တန်းများကို နှစ်စဉ်ပို့ချမြဲအတိုင်း မေ ၈ ရက်မှစ၍ ဒီဇင်ဘာလကုန်အထိ အပတ်စဉ်စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂နာရီတွင် သာသနာရေးဦးစီးဌာန ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးနှင့် ကမ္ဘာအေးစေတီအကြားရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်ခန်းမဆောင် အောက်ထပ်၌ သင်တန်းနည်းပြဆရာတော်များက ပို့ချပေးသွားမည်ဖြစ်ရာ တက်ရောက်လိုသော ပုဂ္ဂိုလ်များသည် ကမ္ဘာအေးကုန်းမြေ ပုဗ္ဗဝိဒေဟ ကျောင်းဆောင်အခန်း(၉) သင်တန်းဌာန ဖုန်း-၆၆၆၁၄၈သို့ ဆက်သွယ်စာရင်းပေး တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ကြင်နာမိုးဖြင့် ဖြိုးစေချင်

မေတ္တာခိုးငွေ့၊ ပျောက်ပြယ်ရွေ့ခဲ့
မုန်းမေ့တိမ်ရောင်၊ ပုန်းကွယ်ရှောင်ထင့်၊
တောင်လေမုတ်သုံ၊ မျက်နှာမှုန်၍၊
အမှုန်သခင်၊ ရန်ငြိုးဆင်သို့၊
ချစ်ပင်လည်းနွမ်း၊ ချစ်ရေခန်းအောင်၊
တစ်စွန်းတစ်စက်၊ သွန်းမပက်ဘဲ၊
ရက်စက်ရန်ငြိုး၊ အဖြစ်ဆိုးအောင်၊
ချစ်မိုးသို့လည်း မခေါင်နှင့်။ ။

ရွာပြန်တော့လည်း၊ ရန်ငြိုးသည်းသို့၊
လျှပ်စီးမျက်မာန်၊ ပြက်ခဲ့ဟန်ထင့်၊
ပြင်းထန်မုတ်သုံ၊ ဒေါသဟုန်ဖြင့်၊
ရိုက်တုန်လှန့်ချက်၊ ချောက်ချားဖျက်သို့၊
ရက်စက်နိုင်ငြား၊ ရေအားစီးသန်၊
မုန်တိုင်းထန်၍၊ ရေလျှံမိုးကြီး၊
ဖျက်ဆီးစပါး၊ ကျွဲနွားသေကျေ၊
မျက်ရည်ခြွေသည့်၊ ပူစေတစ်မျိုး၊
အရှုံးတိုးအောင်၊
မုန်းမိုးသို့လည်း မလောင်နှင့်။ ။

တို့တိုင်းဌာနီ၊ မြန်မာပြည်ဝယ်
ရာသီရှေ့ဆောင်၊ မှန်ကန်အောင်လျှင်၊
မိုးခေါင်လည်းဝေး၊
မုန်းမိုးပြေးလော့၊ ငြိမ့်အေးသန့်ရှင်း၊
မုတ်သုံမင်းကား၊ စောင်းညှင်းသံသာ
တူရိယာကို၊ ခတ်ကာဆော်သွင်း၊
တိမ်ရိပ်နင်းလျက်၊ မပြင်းမထန်၊
သန်ဦးသန်လယ်၊ နှောင်းဝယ်ထို့တူ၊
မျှတ မူ၍၊ ပြည်သူအများ၊
စပါးဆန်ရေ၊ လုပ်အားဝေအောင်၊
မသွေသစ္စာ၊ ကရုဏာနှင့်
ရွာပါစေချင်၊ ဆုခြွေတင်မိ၊
ကြင်နာသည့်မိုး၊ ချစ်ခွန်းပျိုး၍
သွန်းဖြိုးဖြိုင်ဖြိုင် ရွာစေသော်။ ။

(တက္ကသိုလ်တင်ခ)

မိုးကုတ်ဝိပဿနာတရားများ ဟောကြားပြသ

ရန်ကုန် မေ ၄

စစ်တွေမြို့ မိုးကုတ်ရိပ်သာ (၂၈၈) ဆရာတော်ဦးစန္ဒသေန (ခ) ဦးစန္ဒသီရိသည် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အမှတ် (၈၂)၊ နတ်မောက်လမ်း ဗဟန်းမြို့နယ်တွင် နေ့စဉ်ဝိပဿနာတရားများ ဟောကြားပြသလျက်ရှိရာ တရားစခန်း ဝင်လိုသူများ ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်တရားအားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ရှေးဟောင်းအမွေ ပုဂံရတနာမြေမှ ကုသိုလ်အမျှဝေသံများ

မြန်မာ့အသံသိန်းဟန်

"…ပုဂံဒေသသည် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိရာ ဗဟိုချက်မဒေသဖြစ်ကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နေသော်လည်း ပြိုကွဲပျက်စီးတော့မည့် ရှေးဟောင်းစေတီပုထိုးများ ရှိနေသကဲ့သို့ ပျက်စီးပျောက်ကွယ်တော့မည့် ဘုရားကုန်း အုတ်ပုံ၊ မြေပုံများလည်း ရာနှင့်ချီ၍ ရှိနေကြောင်း။

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးပျောက်ကွယ်မဆုံးရှုံးစေရန် အထူးစီမံကိန်းလုပ်ငန်းအဖြစ် သတ်မှတ်၍ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းကို ဝိုင်းဝန်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း…"

[နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ (၈-၁၁-၉၅) ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ မိန့်ကြားချက်…မှ]

…စေတီနဲ့ တန်ဆောင်း၊ ဆည်ချောင်းနဲ့ စပါးနံ့၊
ရွှေပေါက္ကံပြည်တစ်ကြောမှာ၊ ပေါချင်တိုင်းပေါတဲ့ပြင်၊
ဝပြောတဲ့သာသနာ၊ ခေါင်းလောင်းသံညံမစဲရယ်နဲ့၊
ပုဂံပွဲသာလွန်းလို့၊ လာသူလာ သွားသူသွား၊
လယ်တွင်းသား၊ ပြည်တော်သား၊
အသည်သား၊ မင်းမှုထမ်း၊
တစ်စိတ်ဝမ်း၊ တစ်လက်ညီ၊
ပြည်ရေးကို ပြိုင်တူချီကြတော့၊
ပြည်တော်မြတ် ပွဲတင်သံ
ဘဝဂ်က ပြန်ပါရော့" …

အစရှိသော ခေတ်စမ်းစာပေပညာရှင် အမျိုးသားစာပေဆုရ ကဗျာဆရာကြီး ဆရာဇော်ဂျီ၏ "ရှေးခေတ်ပုဂံပြည်" ကဗျာမှ ကဗျာစာသားအချို့ကို ရေရွတ်ရင်း ကျွန်တော်သည် ပုဂံညောင်ဦးမြို့သို့ ရောက်ရှိခဲ့ပါသည်။ အတိအကျဆိုရသော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင် (အငြိမ်းစားဗိုလ်မှူး ကြီး)၊ ဇနီးဒေါ်ကြူကြူမာ (နဂါးညီနောင်သက်န်းတိုက်)တို့၏ မေတ္တာရပ်ခံချက်အရ "ပုဂံမြို့ ရှေ့ဟောင်းဘုရားအမှတ် (၁၈၁၄) ဇေယျသီရိ ဆုတောင်းပြည့်ဘုရား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲနှင့် ရှင်အပါး ၁၀၀စုပေါင်းရှင်ပြုပွဲ အလှူတော်မင်္ဂလာအခမ်းအနားတွင်" စာရေးသူ ကျွန်တော်သည် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရန် ဤအရိမဒ္ဒနာပူရ(ခေါ်) ပေါက္ကံရာမ(ခေါ်) ရှေးဟောင်းပုဂံနေပြည်တော်သို့ ၁၀-၄-၂၀၀၄ ရက်နေ့ ညနေတွင် ရောက်ရှိခဲ့ပါသည်။

နောက်တစ်နေ့ သင်္ကြန်အကြိုနေ့မတိုင်မီတစ်ရက်အလို ၁၁-၄-၂၀၀၄ ရက် နံနက် ၆နာရီခွဲအချိန် ကောင်းမြတ်သော မင်္ဂလာနံနက်တွင် အထက်ပါ ရှေးဟောင်း ဘုရားအမှတ် (၁၈၁၄) အနေကဇာတင်လှူပူဇော်ပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပပါသည်။ အခမ်းအနားကို ကျောက်ဆည်ဆင်အက (အဆို၊ အက၊ အစီအစဉ်)ဖြင့် ဖျော်ဖြေညွှံ့ခံကာ စတင်ဖွင့်လှစ်ပါသည်။ အနေကဇာတင်လှူ ပူဇော်မည့် ရှေးဟောင်းဘုရား အမှတ် (၁၈၁၄)၏ အနောက်ဘက် သတ်မှတ်ကွက်လပ်နေရာတွင် ကျောက်ဆည် ဆင်နှစ်စီးက တစ်လှည့်စီ ဘုရားကို ဦးတိုက်ပူဇော်ပြီး အဆို၊ အတီး စည်းချက်မြိုင်မြိုင်အောက်တွင် အကွက်ကျကျ ကပြအသုံးတော်ခံပါသည်။

နံနက် ၇နာရီခန့်တွင် ရှေးဟောင်းစေတီဇေယျသီရိဆုတောင်းပြည့်ဘုရားရင်ပြင်တော်ပေါ်၌ ဘုရင်၊ မင်းညီမင်းသား၊ မှူးမတ်၊ မိဖုရား၊ မင်းသမီး၊ မောင်းမမိဿံ အစရှိသည်တို့က ရာဇာဝင်း၊ ဒေဝါဝင်းများခင်းလျက် ဘုရားအား လက်ယာရစ်လှည့်လည်ပူဇော်ပါသည်။ ထိုအချိန်တွင် အလှူတော်မင်္ဂလာမဏ္ဍပ်၌ အသင့်ရောက်ရှိနေကြသည့် ရန်ကုန်မှ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာက အနုပညာအဖွဲ့က ဘုရားဂုဏ်တော်များအား ရည်မှန်းလျက် ရွတ်ပွားပူဇော်ပါသည်။ တေးသံရှင်(ဦး)မင်းနောင်က ယင်းအဖွဲ့၏ဥက္ကဋ္ဌအဖြစ် ကြီးကြပ်ကာ နာမည်ကျော်အဆိုတော် ဂန္ထဝင်တေးသံရှင် အမျိုးသား၊ အမျိုးသမီး ၁၅ဦးခန့် ဝတ်ရွတ်ပူဇော်ကြပါသည်။

ကြိုတင်ပင့်လျှောက်ထားသည့် ဆရာတော် သံဃာတော်အရှင်သူမြတ်များ သံဃာစင်ပေါ်သို့ မရောက်မီ ရရှိသည့်ကြားဖြတ်အချိန်တွင် မင်္ဂလာမဏ္ဍပ်အတွင်း အသင့်ရောက်ရှိနေရာယူထားကြသည့် အလှူရှင်များ၊ ဧည့်သည်တော်များ ပရိသတ် ၂၀၀၀ခန့်အား ကျွန်တော်က ဤသို့သော စကားအချီးနိဒါန်းဖြင့် အစီရင်ခံခဲ့ပါသည်။

"ပုဂံမင်းဆက် သမုဒ္ဒရာဇ်မင်းက စတင်တည်ထောင်ခဲ့တဲ့ ပုဂံနေပြည်တော် သက်တမ်းဟာ ယခုအခါ နှစ်ပေါင်း ၂၀၀၀ ခန့် ရှိလာပြီဖြစ်ကြောင်း၊ ပထမမြန်မာနိုင်ငံကို တည်ထောင်ခဲ့တဲ့ အနုရုဒ္ဓါ (ခေါ်) အနော်ရထာမင်းနှင့် ဗုဒ္ဓဘာသာဝင်တို့၏ ကျေးဇူးရှင် ရဟန္တာအရှင်သူမြတ် ရှင်အရဟံ တို့ရဲ့ ဆရာ၊ ဒကာပြည်သူများ အညီအညွတ်သာသနာပြုခဲ့တဲ့ ကနဦး ကျေးဇူးတော်၊ ဂုဏ်တော်များကြောင့် ယခုအခါ ပုဂံညောင်ဦးနယ်တစ်လွှားမှာ ဂူ၊ ဘုရား၊ ရုပ်ပွားစေတီနဲ့ တန်ဆောင်း၊ ကျောင်းကန်ပါမကျန် မြင်တွေ့ ဖူးမြော်ရပါကြောင်း။"

ပုဂံသည် ရှေးဟောင်းစေတီ၊ ပုထိုး၊ ရုပ်ပွား၊ ဆင်းတု၊ ဂူကျောင်းများ တစုတဝေးတည်း တည်ရှိသော ဒေသကြီးဖြစ်ကြောင်း၊ ဤသို့ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များ တစ်နေရာတည်းတွင် တစုတဝေးတည်း စုစည်းထားနိုင်ခြင်းမှာ အာရှနိုင်ငံများတွင်သာမက ကမ္ဘာတွင်ပါ မြန်မာ တစ်နိုင်ငံတည်းသာ ဂုဏ်တင်ပြနိုင်၍ အမှန်ပင်စံပြဂုဏ်ယူထိုက်ပါကြောင်း။

ရှေးဟောင်းလက်ာ အဆိုအမိန့်စကားအရ ဤဒေသနယ်တစ်ဝိုက်မှာ ရှေးဘုရင်များ၊ မင်းညီမင်းသား၊ မှူးမတ်၊ ပြည်သူများရဲ့ ကောင်းမှုကုသိုလ် စောမုနိရုပ်ပွား၊ စေတီ၊ ပုထိုး၊ ဂူဘုရားပေါင်း ၄၄၄၆ ဆူ ရှိခဲ့ပါကြောင်း။

အဲဒီအနက်က နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့သဖြင့်လည်းကောင်း၊ ရာသီဥတု၊ သဘာဝလျှင်ဘေးဒဏ်များကြောင့်လည်းကောင်း ယခုအခါ လက်ရှိဘုရားအဆူ ၂၂၃၀ ခန့်သာ ကျန်ရှိတော့ပါကြောင်း၊ အဲဒီကျန်ရှိနေတဲ့ ရှေးဟောင်းဘုရား ၂၀၀၀ ကျော်အနက် ၁၁၇၅ ဆူကို အချိန်မီ ပြန်လည်ပြုပြင် ထိန်းသိမ်းမွမ်းမံ တည်ဆောက်ဖို့လိုအပ်လျက်ရှိပါကြောင်း၊ အထူးသဖြင့် ပုဂံမြို့ရဲ့ အဓိက လမ်းမကြီးဘေး ဝဲ၊ ယာရှိ ရှေးဟောင်းဘုရားပုထိုးများကို အချိန်မီပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါကြောင်းကို နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့ပါကြောင်း။

ထို့ကြောင့် "ပုဂံသည် ရှေးဟောင်းစေတီ၊ ပုထိုး၊ ရုပ်ပွား၊ ဆင်းတု၊ ဂူကျောင်းများနှင့် ဤကမ္ဘာမှာ အစဉ်ဂုဏ်ယူဝင့်ကြွားရမည့် ဒေသကြီးအဖြစ် သတ်မှတ်ခံရအောင် ကုသိုလ်ပြုဆောင်ရွက်ရမည့်တာဝန်မှာ ကျွန်တော်တို့ မြန်မာပြည်သူပြည်သား ကလျာဏနွယ်ဝင် သူတော်စင်များ၏ သမိုင်းပေး ကုသိုလ်အလုပ်ပင် ဖြစ်ပါကြောင်း"စသည်ဖြင့် နိဒါန်းစကားပျိုးခဲ့ပါသည်။

မကြာမီ သတ်မှတ်ထားသည့် အချိန်မှာပင် ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီးတို့ ရောက်ရှိလာကြသည်။ မရှေးမနှောင်းမှာပင် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဂူကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရနှင့် ပင့်သံဃာအရှင်သူမြတ်များ ကြွရောက်လာကြပါသည်။ ကြိုတင်ပင့်ထားရောက်ရှိနေပြီးဖြစ်သော ဝန်ထမ်းမိသားစုများ၏ သားရတနာ ရှင်အပါး ၁၀၀နှင့် ပင့်သံဃာ ဆရာတော်ကြီး အပါး ၂၀ တို့ဖြင့် ကြီးကျယ်ခမ်းနားစွာ ပြင်ဆင်ထားသည့် သံဃာစင်ကြီးမှာ ထိန်ဝါဝင်းပြီး ကျက်သရေအပေါင်း ခညောင်းလျက် ရှိပါသည်။ သံဃာစင်ရှေ့ အလျားအကျယ်ပြည့်မျှ ပြင်ဆင်ခင်းကျင်းထားသည့် သင်္ကန်း၊ သပိတ်နှင့် ပရိက္ခရာရှစ်ပါး လှူဖွယ်ပန်းခြင်းများ၊ အခြားသံဃာအသုံးအဆောင် ပစ္စည်းမျိုးစုံ သပ်ရပ်ညီညာစွာ ထည့်ထားသည့် လှူဖွယ်ပန်းခြင်းများမှာလည်း အလှူပွဲတကာတွင် မြင်တွေ့နေရသည့် မြင်ကွင်းမျိုး မဟုတ်ဘဲ ထူးကဲသစ်လွင် မြင်တွေ့ရသူအပေါင်း ဘဝင်ချမ်းမြေ့ဖွယ် ဖြစ်ပါသည်။

ထို့နောက် အစီအစဉ်အရ ဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က ဌာပနာပစ္စည်းများ ပင့်ဆောင်ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းလျက် ဆရာတော်ကြီးများကိုယ်တိုင် စေတီတော်ကြီး၏ အောက်ဌာပနာတိုက်အတွင်းသို့ သွတ်သွင်းပူဇော်ခဲ့ကြပါသည်။ တစ်ဆက်တည်းမှာပင် ဆရာတော်ကြီးများက ပုဂံရှေးဟောင်းဘုရား အမှတ် (၁၈၁၄) ဇေယျသီရိဆုတောင်းပြည့်ဘုရားကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် ရွတ်ဆိုကျူးရင့်တော်မူကြပါသည်။

ဆက်လက်၍ အခမ်းအနားမှူးက "ယနေ့ကျင်းပပြုလုပ်တဲ့ အခမ်းအနားကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းနှင့် ဇနီးတို့အား အမှူးထား၍ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့် ဇနီး အမှူးပြုသော ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက တာဝန်ယူပြင်ဆင်ပူဇော်သော ပုဂံဘုရားအမှတ် (၁၈၁၄)အား အနေကဇာတင်လှူပူဇော်ပွဲနှင့် ဝန်ထမ်းမိသားစုများ၏ ရှင်အပါး ၁၀၀ စုပေါင်း ရှင်ပြုပွဲ အလှူတော်မင်္ဂလာအခမ်းအနားဖြစ်ပါကြောင်း" ဆရာတော် အရှင်သူမြတ်များသို့ လျှောက်ထားပါသည်။ ဆက်လက်၍ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပါသည်။ ထို့နောက် ဤဘုရားအမှတ် (၁၈၁၄) ဇေယျသီရိဆုတောင်းပြည့်ဘုရားအား ပြုပြင်မွမ်းမံတည်ထားကိုးကွယ်မှု

ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်သော ပုဂံဘုရား အမှတ် (၁၈၁၄) ဇေယျသီရိ ဆုတောင်းပြည့်ဘုရားကို ဖူးတွေ့ရစဉ်။

အစုစု၏ အခြေအနေအရပ်ရပ်ကို ဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က လျှောက်ထားတင်ပြပါသည်။

၎င်း၏ လျှောက်ထားချက်တွင် "ဤဘုရားအမှတ် (၁၈၁၄)သည် အေဒီ ၁၂ ရာစု အစောပိုင်းက တည်ထားခဲ့သည့်ဘုရားဟု ရှေးဟောင်းသုတေသန ဦးစီးဌာနက အထောက်အထားများအရ ခန့်မှန်းတွက်ဆပါကြောင်း၊ ဘုရားကို မပြုပြင်မီက ကုန်းမို့မို့အုတ်ကုန်းပေါင်အဖြစ်သာ မြင်တွေ့ရကြောင်း၊ ဘုရားကို ရှေးမူလလက်ရာပုံစံမပျက် ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ခဲ့ကြောင်း၊ ဤဂူဘုရားသည် ထီးလိုမင်းလိုဘုရားကြီး အနီးတွင်တည်ရှိကာ ဉာဏ်တော်မှာ ၇၅ ပေ တစ်လက်မမြင့်ပြီး ဘုရားကြီး၏ ပရိဝုဏ်မှာ အလျား ပေ ၁၀၀၊ အနံ ၇၅ ပေ ရှိပါကြောင်း၊ ရာသီဥတု၊ သဘာဝဘေးဒဏ်၊ ငလျင်ဒဏ်များကို ကြံ့ကြံ့ခံနိုင်အောင် သံကူကွန်ကရစ် Beams များ၊ Column တိုင်များ၊ Top Beams များဖြင့် အသစ်တပ်ဆင်ပြုပြင်တည်ဆောက်ထားသည့် ထုထည်ကြီးသည့် ဘုရားတစ်ဆူပင်ဖြစ်ကြောင်း၊ အတွင်းပိုင်း၌ ပုဂံလက်ရာကြည်ညိုဖွယ်ရာ ရုပ်ပွားဆင်းတုတော်တစ်ဆူ ကိန်းဝပ်စံပယ်လျက် ရှိပါကြောင်း၊ ဘုရားကြီးအပါအဝင် မဟာရံတံတိုင်း၊ မုခ်ဦး၊ သရက်ကင်း၊ ပန်းခုံတော်များ အတွက် စုစုပေါင်းလှူဒါန်းပူဇော်ရရှိငွေ ပမာဏမှာ ကျပ်ငွေ ၅၆၈သိန်းခန့် ဖြစ်ပါကြောင်း" စသည်ဖြင့် ပါရှိပါသည်။

အစီအစဉ်အရ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဂူကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်အရှင်မြတ်များက မေတ္တာဘာဝနာ ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ထို့နောက် ဆရာတော်ကြီးနှင့်တကွ ပင့်သံဃာတော်များအား ဝန်ကြီးနှင့် ဇနီး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြရာ ဆရာတော်ဘဒ္ဒန္တဇာဂရထံမှ အနုမောဒနာကထာနှင့် ရေစက်ချတရားတော် နာယူကြပါသည်။ ဆရာတော်ကြီးက အနုမောဒနာကထာ ချီးမြှင့်ရင်း "ဤကဲ့သို့သော ရှေးဟောင်းဘုရားအား အနေကဇာတင်လှူပူဇော်ပွဲကို ယခုကဲ့သို့ ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းသည် ပုဂံတွင် ထူးခြားမှတ်တမ်းတင်ရမည့် အခမ်းအနားကြီးဖြစ်ပါကြောင်း။

"ဇိဏ္ဏကာ ဝါသ၊ ပဋိသင်္ခရဏံ"ဟူသော ပါဠိစကားအရ ဆွေးမြည့်ဟောင်းနွမ်းသော ဂူဘုရား၊ တန်ဆောင်း၊ ကျောင်းတို့ကို အသစ်တစ်ဖန်ပြုပြင်သော အလှူသည် သက်ရှည်ကျန်းမာ သံသရာအဆက်ဆက် ကုသိုလ်ရသောအလှူမျိုးပင်ဖြစ်ပါကြောင်း၊ ယခုကြွရောက်လာသော ဝန်ကြီးမှအစ ဦးဆောင်ညွှန်ကြားရေးမှူးအပါအဝင် ဝန်ထမ်းမိသားစု၊ ဧည့်ပရိသတ်များသည် သက်ရှည်ကျန်းမာ၊ အနာကင်း၍ ဘေးရှင်းကြပါစေ၊ ကောင်းသော တောင့်တအပ်သောဆုနှင့် ပြည့်စုံကြပါစေကြောင်း " စသည်ဖြင့် မေတ္တာဆု ပေးသနားပါသည်။ ကြွရောက်လာကြသော ဝန်ကြီးနှင့်ဧည့်ပရိသတ်များ၏ ရေစက်ချအမျှပေးဝေ သာဓုအနုမောဒနာခေါ်ဆိုသံများက ပုဂံနယ်မြေသာမက ဘဝဂ်လျှံမျှ သောင်းသောင်းညံဝေ စေတနာသဒ္ဓါပီတိ ဂွမ်းဆီထိပမာ နှလုံးအိမ်တွင် ချမ်းမြေ့စွာ ခံစားရပါသည်။ ။

မေ ၁ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်နှင့် ဖော်လူဂျာမြို့တို့ကို ဆက်သွယ်သော အဝေးပြေးလမ်းမကြီးပေါ်တွင် အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရမှုကြောင့် စစ်ထရပ်ကားတစ်စီး မီးလောင်ကျွမ်းနေသည်ကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂွာတာနာမိုတွင် ကန်က လူ့အခွင့်အရေးများ ချိုးဖောက် ကျူးဘားနိုင်ငံခေါင်းဆောင် ကက်စထရို ပြောကြား

ဟာဗာနာ မေ ၃

အမေရိကန်ပြည်ထောင်စု၏ အကျဉ်းစခန်းတည်ရှိရာ ဂွာတာနာမိုတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်နေကြောင်းဖြင့် ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရိုက စနေနေ့တွင် ပြောကြားလိုက်သည်။

ထည့်သွင်းပြောကြား

အမေရိကန်ပြည်ထောင်စုက ဂွာတာနာမို ရေတပ်အခြေစိုက်စခန်းတွင် လူ ၆၀၀ ကို ဖမ်းဆီးထားကြောင်း ကက်စထရိုက ဟာဗာနာမြို့ မေ ၁ ရက် အလုပ်သမားနေ့ လူထုအစည်းအဝေးမိန့်ခွန်းတွင် ထည့်သွင်း ပြောကြားခြင်းဖြစ်သည်။

အဆိုပါ ရေတပ်အခြေစိုက်စခန်းသည် ၁၁၇ ဒသမ ၆ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး အမေရိကန်က ကျူးဘားအရှေ့ပိုင်းဒေသကို ၂၀ ရာစု စောစောပိုင်းကာလက သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုက အာဖဂန်နစ္စတန်နိုင်ငံအား ကျူးကျော်ဝင်ရောက်ခဲ့စဉ်အတွင်း ဖမ်းဆီးထားခဲ့သည့် ဖော်ပြပါအကျဉ်းသားများတွင် အမေရိကန်ပြည်ထောင်စုက အပေါင်းပါနိုင်ငံအဖြစ် သတ်မှတ်ထားသောနိုင်ငံများမှ ပြည်သူများပါဝင်သည်ဟု ကက်စထရိုက ဆက်လက်ပြောကြားသည်။

၎င်းအကျဉ်းသားများသည် အကျဉ်းစခန်းအတွင်း ယခင်ကတည်းကပင် ရုံးတင်စွဲချက်တင်ခြင်းလည်းမခံရ၊ မည်သူမည်ဝါဟု ထုတ်ဖော်ပြောကြားခြင်းလည်း မရှိ၊ ပြင်ပနှင့် အဆက်ဖြတ်ကာ တရားဥပဒေအရကာကွယ်ပိုင်ခွင့်မရှိသလို မည်သည့်အချိန်ကာလအထိ အဖမ်းခံထားရမည်ဆိုသည့် အချိန်ကန့်သတ်မှုလည်း မရှိဖြစ်နေကြောင်းဖြင့် ၎င်းက ထပ်လောင်းပြောကြားသည်။

ပြောကြား

အမေရိကန်အစိုးရက ဂွာတာနာမို၏ အာဏာပိုင်များနှင့်လည်း ညှိနှိုင်းတိုင်ပင်မှုမရှိဘဲ ဖော်ပြပါ အဖမ်းခံထားသူများအား ထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ကျူးဘားနိုင်ငံက ၎င်းတို့ကိစ္စအား ဆုံးဖြတ်ချက်ချမှတ်ပေးရန် အကြောင်းကြားပါကြောင်းဖြင့် ကက်စထရိုက ပြောကြားသည်။

ရွေးချယ်ခဲ့

အမေရိကန်ပြည်ထောင်စုအနေဖြင့် ၎င်းတို့၏နယ်မြေပေါ်တွင် အကျဉ်းသားများအား ထိန်းသိမ်းထားသင့်ကြောင်း၊ သို့ရာတွင် အမေရိကန်ပြည်ထောင်စုက ဆန်းကြယ်သည့် ခေတ်မီလူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် ဖန်တီးလိုသောကြောင့် ကျူးဘားပိုင်နက်နယ်မြေရှိ ဂွာတာနာမိုအား ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖော်လူဂျာမြို့မှ ကန်တပ်ဖွဲ့ဝင်များရုပ်သိမ်း အီရတ်တို့အောင်ပွဲခံ

ဖော်လူဂျာ(အီရတ်) မေ ၃

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် တည်ရှိခဲ့သည့် မိသားစု၏အိမ်မှ အပျက်အစီးများကို ဖခင်က ကောက်ယူကြည့်ရှုနေစဉ် သားဖြစ်သူ ရှစ်နှစ်သားအရွယ်ရှိ အန်နက်စ်မိုဟာမက်သည် ငိုကြွေးမြည်တမ်းနေသည်။

မိမိ၏ ကျောင်းသုံးစာအုပ်များ မီးလောင်ကုန်ကြောင်း၊ မိမိ မည်သို့ မည်ပုံ စာသင်ရမည်နည်း၊ မိမိတို့ မည်သည့်နေရာတွင်နေရမည်နည်းဟု မိုဟာမက်က ငိုယို၍ပြောကြားသည်။

အစ်မနှစ်ဦး၊ မိဘနှစ်ဦး၊ အဒေါ်နှင့် မိုဟာမက်တို့သည်အမေရိကန်တပ်ဖွဲ့ဝင်များက တစ်လနီးပါးဝိုင်းဝန်းပိတ်ဆို့ခဲ့သည့်ဖော်လူဂျာမြို့မှပြည်သူများဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ဖော်လူဂျာရှိ ဂိုလန်ဒေသတွင် ယခုရက်သတ္တပတ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် မိသားစုအိမ်ပျက်စီးရမှုအတွက် မိုဟာမက်မိသားစုက အမေရိကန်တပ်ဖွဲ့ဝင်များအား ပြစ်တင်မဆုံးဖြစ်နေကြသည်။

ဖော်လူဂျာမြို့သို့ ပြန်ရောက်လာကြသည့် မြို့နေလူထုများက ၎င်းတို့၏ အိုးအိမ်များ ပျက်စီးဆုံးရှုံးကုန်သည်ကို မြင်တွေ့ရသည်။ သို့ရာတွင် အမေရိကန်တပ်ဖွဲ့များ ဖော်လူဂျာမြို့တွင် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်ကုန်ခြင်းသည် အီရတ်နိုင်ငံသိမ်းပိုက်ရေး အမေရိကန်ဦးဆောင် တပ်ဖွဲ့များအပေါ် အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့က ရှုမြင်သုံးသပ်ကြသည်။

အာရပ်ကမ္ဘာတစ်ဝန်းတွင် ဖော်လူဂျာမြို့သည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များအား တော်လှန်တိုက်ခိုက်သည့် အမှတ်လက္ခဏာအဖြစ် ကမ္ဗည်းထိုးနိုင်ပြီဖြစ်သည်။ ဖော်လူဂျာမြို့အား ဝိုင်းဝန်းထားစဉ် မြို့နေလူ ၆၀၀ သေဆုံးခဲ့ကြောင်း ၎င်းမြို့မှ ဆရာဝန်များက ပြောကြားကြသည်။

ဖော်လူဂျာမြို့မှ အမေရိကန်များအား မောင်းထုတ်ခဲ့ခြင်းဖြင့် ဖော်လူဂျာမြို့၏ ဂုဏ်သိက္ခာကို ဆက်လက်ထိန်းသိမ်းထားခြင်းမှာ တန်ဖိုးကြီးလှကြောင်းဖြင့် မိုဟာမက်ရာကာက ပြောကြားသည်။

ဂုဏ်သတင်းဟူသည် စွန့်လွှတ်ခြင်းမပြုဘဲနှင့် မရရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည်ဖော်လူဂျာမြို့ဆင်ခြေဖုံးဒေသရှိ ၎င်းတို့၏ စခန်းအချို့မှ သောကြာနေ့တွင် ရုပ်သိမ်းခဲ့သည်။

အမေရိကန်တပ်ဖွဲ့များအပေါ် အောင်နိုင်ခဲ့သည့် ပြောက်ကျားများအား အသံချဲ့စက်များ အသုံးပြု၍ ဂုဏ်ပြုချီးကျူးလျက်ရှိသည်။

ဖော်လူဂျာမြို့နေပရိသတ်က အမေရိကန်တပ်ဖွဲ့များအား သင်ခန်းစာအချို့ ပေးလိုက်ပြီးနောက် အမေရိကန်များ ဖော်လူဂျာသို့ နောက်ထပ်မလာနိုင်တော့ဟု မိမိအတတ်ပြောနိုင်ကြောင်း မြို့ခံတစ်ဦးဖြစ်သည့် ဖော်ဝက်ဂျေဘာက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

မေ ၁ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်မရိန်းတပ်ဖွဲ့ ရုပ်သိမ်းသွားသောစခန်း၌ အီရတ်တို့ အောင်ပွဲခံနေကြစဉ်။

(ဓာတ်ပုံ - အင်တာနက်)

အီရတ်အခြေအနေကြောင့် အရှေ့အလယ်ပိုင်း မတည်မငြိမ်ဖြစ်နိုင်

ဘာလင် မေ ၃

အီရတ်နိုင်ငံ၏ မငြိမ်မသက်ဖြစ်မှုကြောင့် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံး မတည်မငြိမ်ဖြစ်နိုင်မှုကို စိုးရိမ်ပူပန်မိကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ယော်ကာဖစ်ရှာက စနေနေ့က ပြောကြားသည်။

ဝေဖန်

အီရတ်အခြေအနေသည် ယခုအခါ၌ အရေးကြီးလာကြောင်း၊ သို့ရာတွင် လွန်ခဲ့သည့်တစ်နှစ်က အမေရိကန်သည် ကုလသမဂ္ဂသို့ လုပ်ပိုင်ခွင့်အာဏာကို လွှဲပြောင်းပေးခဲ့လျှင် အခက်အခဲများ နည်းပါးနိုင်ကြောင်း ၎င်းက အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်၍ ကျူးကျော်ဝင်ရောက်မှုကို အပြင်းထန်ဆုံး ဝေဖန်ရာတွင် ပြောကြားလိုက်သည်။

တိုက်တွန်း

အီရတ်နိုင်ငံ၌ ကြုံတွေ့နေရသည့် ပြဿနာများသည် အရှေ့အလယ်ပိုင်းတွင် အကြမ်းဖက်မှုများကိုကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေနိုင်ရာ အီရတ်ရှိနိုင်ငံရေးလုပ်ငန်းစဉ်ကို ကုလသမဂ္ဂက ထိန်းချုပ်နိုင်ရန် အမေရိကန်က လွှဲပြောင်းပေးအပ်သင့်ကြောင်း၎င်းက တိုက်တွန်းလိုက်သည်။

အရှေ့အလယ်ပိုင်းတွင်အကြမ်းဖက်တိုက်ခိုက်မှုကျယ်ကျယ်ပြန့်ပြန့် ဖြစ်နိုင်ကြောင်း ၎င်းကပြောကြားသည်။

ဂျာမနီနိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်မဟုတ်ကြောင်းကိုလည်း ၎င်းက ရှင်းလင်း ပြတ်သားစွာ ပြောကြားလိုက်သည်။

အမ်အင်အေ၊ ရိုက်တာ။

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၇၅၁ဦးရှိပြီဟု ထုတ်ပြန်ကြေညာ

ဘဂ္ဂဒက် မေ ၄

အီရတ်တွင် လွန်ခဲ့သည့်နှစ်က စစ်ဆင်ရေးများ စတင်သည့်ကာလမှ ယခုနှစ် မေလ၃ရက် တနင်္လာနေ့အထိ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၇၅၁ဦးရှိပြီဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အီရတ်၌ သေဆုံးသူအမေရိကန်တပ်ဖွဲ့ဝင် ၇၅၁ဦးအနက် ၅၄၈ဦးမှာ တိုက်ပွဲတွင် သေဆုံးခြင်းဖြစ်ပြီး ၂၀၃ဦးမှာ အခြားသော အကြောင်းများကြောင့် သေဆုံးရခြင်း ဖြစ်သည်။

ထိုကာလအတွင်းတွင် အီရတ်၌သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ၅၈ဦးရှိကြောင်း ဗြိတိန်စစ်ဘက်က ကြေညာသည်။ အီတလီက ၁၇ဦး၊ စပိန်က ရှစ်ဦး၊ ဘူဂေးရီးယားက ခြောက်ဦး၊ ယူကရိန်းက လေးဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒိုး၊ အက်စတိုနီးယားနှင့် ပိုလန်တို့က တပ်ဖွဲ့ဝင်တစ်ဦးစီ သေဆုံးသည်။

အီရတ်တွင် တိုက်ပွဲကြီးများပြီးဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဘုရှ်က လွန်ခဲ့သည့်နှစ် မေ ၁ရက်နေ့တွင် ကြေညာပြီးနောက်၊ အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၆၁၁ဦးရှိပြီး၊ ၎င်းတို့အနက် တိုက်ပွဲ၌ သေဆုံးသူ ၄၃၇ဦးရှိကြောင်းသိရသည်။

အင်တာနက်။

ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် ရိုးယိုက်လက်နက်ကိုင်များတိုက်ခိုက်မှုဖြစ်ပွား

အမ်မာရာ (အီရတ်) မေ ၃

ဗြိတိသျှတပ်ဖွဲ့ဝင်များနှင့် အီရတ်နိုင်ငံတောင်ပိုင်းဒေသမှ ရိုးယိုက်မိဒီအရပ်သား ပြည်သူ့စစ်တပ်ဖွဲ့တို့ စနေနေ့က တိုက်ခိုက်မှု ဖြစ်ပွားကြရာတွင် ဗြိတိသျှတပ်ဖွဲ့ဝင် အများအပြားနှင့် အီရတ်ရဲတပ်ဖွဲ့ဝင် အများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း ဗြိတိသျှစစ်ဘက်မှ အရာရှိတစ်ဦးက ပြောကြားသည်။

မီဒီအရပ်သား ပြည်သူ့စစ်တပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ အဖမ်းခံခဲ့ရပြီးနောက် ရိုးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါးအား သစ္စာခံသည့် အဆိုပါတပ်ဖွဲ့က ဘဂ္ဂဒက်တောင်ပိုင်း မိုင် ၂၃၀အကွာရှိ အမ်မာရာမြို့တွင် ဗြိတိသျှတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

တိုက်ခိုက်မှုပေါ်ပေါက်

အမ်မာရာမြို့တွင် ဗြိတိသျှစစ်ယာဉ်တန်းတစ်ခုအား ဒုံးပစ်လောင်ချာဖြင့်ပစ်ခတ်ခဲ့သည့် တိုက်ခိုက်မှုတွင် အမေရိကန်ဦးဆောင်သောတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ခြောက်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဗြိတိသျှစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များက ဘာဆရာမြို့တွင် ဝင်ရောက်စီးနင်းခဲ့စဉ် အီရတ်နိုင်ငံသားများအား ဖမ်းဆီးခဲ့ပြီး ပိုက်စိပ်တိုက်ရှာဖွေရာတွင် လက်နက်၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့် ဗုံးလုပ်နိုင်သည့် ပစ္စည်းကိရိယာများ တွေ့ရှိခဲ့ပြီးနောက် ဖော်ပြပါအတိုင်း တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုအတွင်း ဗြိတိသျှတပ်ဖွဲ့ဝင်သုံးဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အခင်းဖြစ်ပွားရာသို့ ရောက်ရှိနေသည့် ဗြိတိသျှစစ်ဘက် အရာရှိက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။



အီရတ်တွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ အမေရိကန် မဖော်ဆောင်နိုင် ပြည်သူလူနေမှုအဆင့်လည်း မြှင့်မပေးနိုင်ဟု ဆီးရီးယားသမ္မတ ဝေဖန်

ဒမတ်စကတ် မေ ၁

အီရတ်ကို သိမ်းပိုက်ထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ လွတ်မြောက်အောင် ဆောင်ရွက်မပေးနိုင်သည့်ပြင် အာမခံထားသော ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကိုပင် ဖော်ဆောင်ပေးရန် ပျက်ကွက်ကြောင်းဖြင့် ဆီးရီးယားသမ္မတ အယ်အာဆတ်က တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ပြောကြားလိုက်သည်ဟု အယ်ဂျာဇီရာ ရုပ်မြင်သံကြားဌာနက ကြေညာသည်။

အမေရိကန်နိုင်ငံသည် အီရတ်ကို လွတ်မြောက်အောင်လည်း လုပ်မပေး၊ ဒီမိုကရေစီကိုလည်း မထူထောင်၊ အီရတ်ပြည်သူတို့၏ လူနေမှု အဆင့်အတန်းကိုလည်း မြှင့်တင်မပေးနိုင်ကြောင်း ဆီးရီးယားသမ္မတ အယ်အာဆတ်က မိနစ် ၉၀ ကြာ တွေ့ဆုံမေးမြန်းခန်းတွင် ထည့်သွင်းပြောကြားလိုက်သည်။

ထုတ်လွှင့်

သမ္မတ အာဆတ်၏ အဆိုပါ တွေ့ဆုံမေးမြန်းခန်း ကောက်နုတ်ချက်ကို ဗုဒ္ဓဟူးနေ့က ထုတ်လွှင့်ကြေညာလိုက်သည်ဟု သိရသည်။

သတိပေး

ဆီးရီးယားအစိုးရက အကြမ်းဖက်မှုကို ထောက်ခံပြီး သမားရိုးကျမဟုတ်သည့် လက်နက်များ ပိုင်ဆိုင်ရန် ကြိုးပမ်းသည်ဆိုကာ ဆီးရီးယားအား ပြစ်ဒဏ်ခတ်မည့် ဥပဒေအရ အမေရိကန်နိုင်ငံက ဆီးရီးယားကို မကြာမီ ပိတ်ပင် အရေးယူကောင်းယူမည်ဟု အမေရိကန်သမ္မတအိမ်ဖြူက သောကြာနေ့တွင် သတိပေးခဲ့သည်။

အတည်ပြု

ဆီးရီးယားသမ္မတ အာဆတ်က ဆက်လက်ပြောကြားရာ၌ အီရတ်ပြည်သူများအကြားတွင် မည်သို့ဖြစ်နေသနည်းဟူမှု ခုခံတိုက်ခိုက်မှုမှာ တရားဝင်ခြင်း ရှိ၊ မရှိ ဆွေးနွေးကြပြီး ဖြစ်ပျက်မှုအများစုမှာ ခုခံတွန်းလှန်ခြင်းမည်ကြောင်း အတည်ပြုလိုက်သည်ဟု ပြောဆိုသည်။

ခွဲခြား

မိမိအနေဖြင့် စစ်ဘက်ကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းနှင့် အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဟူ၍ ခွဲခြားရမည်ဖြစ်ကြောင်း သမ္မတ အာဆတ်က ပြောဆိုသည်။

ယိုးစွပ်

အီရတ်တွင် ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းမှာ အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်နှင့် အဆက်သွယ်ရှိသည့် နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများကြောင့် ဖြစ်သည်ဟု အမေရိကန်အရာရှိများက ယိုးစွပ်သည်။

အဆိုပါ နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများမှာ ဆီးရီးယား အပါအဝင် အိမ်နီးချင်း နိုင်ငံများမှ နယ်စပ်ကိုဖြတ်ပြီး အီရတ်နိုင်ငံတွင်းသို့ ဝင်ရောက်လာကြခြင်း ဖြစ်သည်ဟု ဆိုသည်။

မတားဆီး

အမေရိကန်ဦးဆောင်သည့် တပ်များကို တိုက်ခိုက်ရန် အီရတ်နိုင်ငံအတွင်းသို့ တိုက်ခိုက်ရေးသမားများ ဝင်ရောက်မှုကို ဆီးရီးယားအစိုးရက တားဆီးပိတ်ပင်မှု အနည်းငယ်မျှပင် မဆောင်ရွက်ဟု အမေရိကန်အရာရှိများက ပြောဆိုသည်။

ထိုကိစ္စနှင့် စပ်လျဉ်း၍ ဆီးရီးယားသမ္မတ အာဆတ်က ပြောကြားရာ၌ လိုအပ်သော စစ်ရေးခုခံမှုတစ်ခုတည်းသာမက နည်းမျိုးစုံဖြင့် ကျူးကျော်မည့် ပြည်ပတပ်များကို ရာပေါင်း၊ ထောင်ပေါင်းများစွာတို့က ခုခံတိုက်ခိုက်နိုင်ကြောင်း ထည့်သွင်းပြောကြားလိုက်ပြီး ၎င်းတို့သည် အယ်လ်ခိုင်ဒါ လက်အောက်ခံများလော၊ သို့မဟုတ် ဖယ်ရှားခံရသည့် ဆက်ဒမ်ဟူစိန်အား ထောက်ခံသူများ မဖြစ်နိုင်သလောဟု သမ္မတအာဆတ်က မေးခွန်းထုတ်လိုက်သည်။

ဆွေးနွေးမှု

အမေရိကန်နှင့် မိမိတို့ ဆက်လက်ဆွေးနွေးနေကြောင်း၊ သို့သော် ယင်းမှာ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်နေသည်ဟု မဆိုလိုနိုင်ကြောင်း၊ အမေရိကန် အစိုးရအဖွဲ့တွင် ဆွေးနွေးမှုမှာ အရေးပါသည်ဟု ယူဆသူ ရှိသလို အချို့မှာ ဆွေးနွေးရန် ငြင်းပယ်ကြကြောင်းဖြင့် သမ္မတအာဆတ်က ပြောဆိုသည်။ ***အင်တာနက်။***

အမေရိကန်ဦးဆောင်သော ကျူးကျော်သိမ်းပိုက်ရေးတပ်ဖွဲ့သည် အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို ဖော်ဆောင်ပေးနိုင်ခြင်းမရှိသဖြင့် ခုခံတိုက်ခိုက်မှုများ ဆက်လက်ပေါ်ပေါက်လျက်ရှိသည်။ မေ ၁ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်အရပ်သားများအပေါ် ကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်မှု အထောက်အထားများ တွေ့ရှိရ

လန်ဒန် မေ ၂

အီရတ်နိုင်ငံတောင်ပိုင်း ဗြိတိန်တပ်ဖွဲ့ဝင်များ ထိန်းချုပ်ထားသည့် နယ်မြေအတွင်း လွန်ခဲ့သည့်နှစ် ဩဂုတ် ၂၄ ရက် ညနေက ဝါလတ်ဖာယေမက်ကန်ဆိုသူ အီရတ်တစ်ဦး မော်တော်ကားဖြင့် ပြန်လာရာ ဗြိတိန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ရသည်။

ဆက်ဒမ်ဟူစိန် ဖယ်ရှားခံရပြီး ခြောက်လပင် မပြည့်သေးမီ အီရတ်၌ အရှုပ်အထွေးပြဿနာက မကြာခဏ ပေါ်ပေါက်နေသည်။ ဘာဆာရာမြို့ရှိ ဗြိတိန်တပ်စခန်းတစ်ခု အနီးတွင် ဗြိတိန်တပ်ဖွဲ့ဝင်များက စစ်ဆေးရေးဂိတ်တစ်ခု ပြုလုပ်ကာ လာသမျှ မော်တော်ကားများကို ပိတ်ဆို့ရှာဖွေသည်။

သေဆုံး

စစ်ဆေးရေးဂိတ်သို့ ဝါလတ်၏ မော်တော်ကား ဖြတ်ကျော်မောင်းလိုက်စဉ်တွင် ဗြိတိန်တပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ဝိုင်းပစ်လိုက်ကြ၍ ကျောတွင် ကျည်ဆန်သုံးလေးချက် ထိမှန်သေဆုံးသွားသည်။

အကူငွေ

ရပ်တန့်သွားသော မော်တော်ကားကို ဗြိတိန်တပ်သားတို့ အသေအချာ ရှာဖွေစစ်ဆေးသောအခါ သင်္ကာမကင်းစရာဟူ၍ ကားအတွင်း ဘာတစ်ခုမှ ရှာမတွေ့ရပေ။

သို့ဖြင့် နောက်တစ်လ အကြာတွင် ဝါလတ်၏ ကျန်ရစ်သူ မိသားစုထံ လူသားချင်း စာနာ ထောက်ထားမှု အကူအညီငွေ ပေါင်စတာလင် ၁၀၀၀ ရောက်လာသည်။

နမူနာ

ဤသည်မှာ အီရတ်တွင် ပြည်ပကျူးကျော်ရေး တပ်ဖွဲ့ဝင်များက အရပ်သားများအပေါ် မဆင်မခြင် ကျူးလွန်သည့် ပြစ်မှုသက်သေခံ အထောက်အထား အများအပြားမှ နမူနာတစ်ခုပင်ဖြစ်ကြောင်း နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (အမ်နက်စတီးအင်တာနေရှင်နယ်)က ဖော်ပြသည်။

အဆန်းမဟုတ်

အီရတ်နိုင်ငံတွင် ဗြိတိန်တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်သည့် ညှဉ်းပန်းနှိပ်စက်မှု စွပ်စွဲချက်များမှာ မိမိတို့အဖို့ အဆန်းမဟုတ်တော့ကြောင်း၊ အမေရိကန်များသည် ဗြိတိန်တို့ထက် ရက်စက်မှု ပိုများသည်မှာ ယေဘုယျမှန်ကန်သော်လည်း ဗြိတိန်တပ်ဖွဲ့ဝင်များ ထိန်းချုပ်သည့် ဒေသအတွင်းမှ ညှဉ်းပန်းနှိပ်စက်မှု ပုံစံကို မိမိတို့ ဖော်ထုတ် တွေ့ရှိထားပြီဖြစ်ကြောင်း အမ်နက်စတီး အင်တာနေရှင်နယ်၏ အရှေ့အလယ်ပိုင်းဒေသ ပြောရေးဆိုခွင့်ရှိသူ နီကိုးလ်က ပြောဆိုသည်။

သေဆုံး

အီရတ်တွင် စစ်ရေးစွက်ဖက်မှု၏ တိုက်ရိုက်အကျိုးဆက်အဖြစ် အီရတ်အရပ်သား ၁၀၀၀၀ ကျော် သေဆုံးကြောင်း အမ်နက်စတီးအင်တာနေရှင်နယ်က ခန့်မှန်းသည်။

သာဓကများရှိ

ဗြိတိန်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ အသက်အန္တရာယ်နှင့် အခြားသူများ၏ အသက်အန္တရာယ် ခြိမ်းခြောက်မှု မရှိသည့်တိုင်အောင် အရပ်သားများ သေစေလောက်အောင် အင်အားသုံးသည့် သာဓကများ တွေ့ရှိထားသည်ဟုလည်း အမ်နက်စတီးအင်တာနေရှင်နယ်က ကြေညာသည်။

သတိပေး

စစ်ဆေးမေးမြန်းစဉ် အမေရိကန်တပ်ဖွဲ့ဝင်များရော၊ ဗြိတိန်တပ်ဖွဲ့ဝင်များပါ ၎င်းတို့အား ညှဉ်းပန်းနှိပ်စက်ကြောင်း အီရတ်ပြည်သူများက တိုင်တန်းထားသည်ဟုလည်း အမ်နက်စတီး အင်တာနေရှင်နယ်က သတိပေးလိုက်သည်။ ***အင်တာနက်။***

နာဂျက်ဖ်မြို့တွင် ကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်

နာဂျက်ဖ် မေ ၃

အီရတ်နိုင်ငံ တောင်ပိုင်းရှိ နာဂျက်ဖ်မြို့တွင် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများဟု ယူဆရသူများက အမေရိကန်တပ်ဖွဲ့ဝင်များကို စိန်ပြောင်းများ၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ရည်ရွယ်

အဆိုပါ တိုက်ခိုက်မှုသည် အမေရိကန်တပ်ဖွဲ့ဝင်များကိုသာ ရည်ရွယ်သည် မဟုတ်ဘဲ အမေရိကန် ဦးဆောင်သော နာဂျက်ဖ်မြို့ အုပ်ချုပ်ရေးရုံးကိုပါ ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် တိုက်ခိုက်မှုကြောင့် အထိအခိုက်ရှိသည်ဟူသောသတင်း မရရှိပေ။

နာဂျက်ဖ်မြို့ ဝန်းကျင်ဒေသ နေရာအတော်များများကို ခေါင်းဆောင်မှုတာဒါအယ်ဆာဒါး၏ တပ်ဖွဲ့များက ကြိုးကိုင်ထိန်းချုပ်ထားသည်။ ထိုမြို့တွင် အမေရိကန်နှင့် အီရတ်များအကြားတွင် တင်းမာမှုများ ဆက်လက်ဖြစ်ပွားနေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စစ်ဆန့်ကျင်ရေး ဆန္ဒပြ

မေ ၁ ရက် (အလုပ်သမားနေ့)က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် အီရတ်အလုပ်သမားဟောင်းများက စစ်ဆန့်ကျင်ရေး ဆန္ဒပြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဧပြီ ၂၁ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် အရပ်ဘက်ယာဉ်တစ်စီး ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ဧပြီ ၂၁ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အီရတ်လူငယ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

အီရတ် မြင်ကွင်း

ဧပြီ ၂၁ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ပျက်စီးနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ဧပြီ ၂၇ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့သို့ပြန်ရန် အမေရိကန်စစ်ဆေးရေးဂိတ်တွင် စောင့်ဆိုင်းနေသော အီရတ်မိသားစုများကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

မေ ၃ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ပျက်စီးခဲ့ရသော အီရတ်ပိုင် မော်တော်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ဧပြီ ၂၄ရက်က အီရတ်နိုင်ငံ အယ်လ်ဆာဒီးမြို့တွင် တိုက်ပွဲဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသော အီရတ်ကလေးငယ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

မေ ၂ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးနေသော နေအိမ်တစ်လုံးကို တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ပညာရေးဝန်ကြီးဌာနသို့ ဝါဝါဝင်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ဆောက်လုပ်လှူဒါန်းသော ဗဟန်းမြို့နယ် ကမ္ဘာ့အေးစေတီလမ်းရှိ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ကုန်သေတ္တာစခန်း

နိုင်ငံတော်၏ ပို့ကုန်သွင်းကုန်များကို ဆောင်ရွက်ပေးလျက်ရှိသည့် ရန်ကုန်ဆိပ်ကမ်း အမှတ်(၃) ဗိုလ်အောင်ကျော်ဆိပ်ခံတံတား ကုန်သေတ္တာစခန်းကို တွေ့ရစဉ်။

ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်တွင် တည်ဆောက်ထားသည့် ချောင်းမကြီး(မြို့လှ) ရေလှောင်တမံမှ စိုက်ပျိုးမြေ ဧရိယာဧက ၃၀၀၀သို့ရေများ ဖြန့်ဝေပေးသည့် တူးမြောင်းကို တွေ့ရစဉ်။

ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

ဧရာဝတီတိုင်း သာပေါင်းမြို့နယ်တွင် တည်ဆောက်လျက်ရှိသော တစ်နေ့တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံ စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်။ ဓာတ်ပုံ-စက်မှု(၁)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

❀ ရှေ့ဖုံးမှ

ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဘင်ခရာအဖွဲ့၊ ပဝါအကအဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အဋ္ဌမတန်းကျောင်းသူ မရတနာအေးမင်းက မြန်မာဘာသာဖြင့်လည်းကောင်း၊ ဒသမတန်းကျောင်းသူ မဟောက်ခန့်ဒင့်(မ်)က အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြပြီး အခမ်းအနားအစီအစဉ်များကို အလှည့်ကျဖတ်ကြားကြေညာကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ပြည်နယ်နှင့် တိုင်းကိုယ်စားပြု ဒဂုံမြို့နယ်အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၄ဦးတို့က "အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်းအကောင်အထည်ဖော်မှုပြပွဲ" အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြရာ ကျောင်းသား၊ ကျောင်းသူများက တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့နှင့် တွဲဖက်၍ "မြန်မာ့ကျောင်းသီချင်း"ဖြင့်လည်းကောင်း၊ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း "လသာရတနာ" သံစုံတီးဝိုင်းအဖွဲ့နှင့်တွဲဖက်၍ "ဇာတိမာန်"သီချင်းဖြင့်လည်းကောင်း သီဆိုဂုဏ်ပြုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိန်ရတုခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပထမဦးစွာ စိန်ရတုခန်းမ တတိယထပ်၌ ခင်းကျင်းပြသထားသည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာရေးအတွက် အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာတည်းဟူသော လုပ်ငန်းကြီးသုံးရပ်ကို မဏ္ဍိုင်ပြု၍ ICT နည်းပညာကို ထိရောက်စွာအသုံးချ ဆောင်ရွက်လျက်ရှိသည့် ပညာရေးဝန်ကြီးဌာန ပင်မပြခန်းရှိ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခုရှိ ပညာပဒေသာဌာနများ ဖွင့်လှစ်ထားပုံကို ပြသထားသည့် မြေပုံကားချပ်၊ စီမံကိန်းကာလအတွင်း အသစ်ဖွင့်လှစ်သည့် တက္ကသိုလ် ၁၂ခု၏ မှတ်တမ်းဓာတ်ပုံများ၊ နိုင်ငံတော်အကြီးအကဲ တက္ကသိုလ်များနှင့် ဒီဂရီကောလိပ်များသို့ လာရောက်စစ်ဆေးသည့် မှတ်တမ်းဓာတ်ပုံများကို အသေးစိတ်ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနဆိုင်ရာကဏ္ဍ (Human Resource Development) ပြခန်းရှိ ရန်ကုန်တက္ကသိုလ် တက္ကသိုလ်များ သိပ္ပံသုတေသနဌာနက ပြသထားသည့် စွန့်ပစ်ပစ္စည်း ပုစွန်အခွံမှထုတ်ယူရရှိသည့် စိုက်တိုဆန်ဒြပ်ပေါင်း (Chitosan Compound) ထုတ်လုပ်ပုံပြကွက်ကိုလည်းကောင်း၊ သုတေသနလုပ်ငန်းဆိုင်ရာကဏ္ဍ(Research)ပြခန်းရှိ ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနနှင့် UKနိုင်ငံ Harrison Instituteတို့၏ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆောင်ရွက်နေသော သုတေသနလုပ်ငန်းဆိုင်ရာ မြေပုံကားချပ်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စဉ်ဆက်မပြတ်သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဆိုင်ရာကဏ္ဍ (Lifelong Learning Society)ပြခန်းရှိ ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာန၏ သုတေသနဆိုင်ရာဆောင်ရွက်ချက်များ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ နည်းပညာအသုံးပြုမှုဆိုင်ရာကဏ္ဍ (Utilization of Technology) ပြခန်းရှိ မန္တလေးမြို့ ရာစုသစ် အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့အကြား ဆက်သွယ်ထားသည့် အီလက်ထရွန်နစ် ကွန်ရက်စနစ်ဖြင့် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင် Video Conferenceအစီအစဉ်များ လေ့ကျင့် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးကြသည်။

စာအုပ်စာတမ်းများ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ပညာရည်အဆင့်မြှင့်တင်မှုဆိုင်ရာကဏ္ဍ (Promotion of Quality of Education) ပြခန်းရှိ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့က ထုတ်ဝေခဲ့သည့် ပညာရပ်ဆိုင်ရာစာအုပ်စာတမ်းများကိုလည်းကောင်း၊ မြန်မာစာအဖွဲ့ ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုပုံစံငယ်များ၊ မှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေးတန်ဖိုး ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာကဏ္ဍ (Preservation of National Identity and National Values) ပြခန်းရှိ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ပြခန်း၌ ပြသထားသော မြန်မာနိုင်ငံ၌ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန (SEAMEO Regional Centre for History and Tradition) ဖွင့်လှစ်လုပ်ရှားဆောင်ရွက်နေမှုမှတ်တမ်းဓာတ်ပုံများ၊ သုတေသနလုပ်ငန်းမှတ်တမ်းများကိုလည်းကောင်း၊ အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း (အဆင့်မြင့်ပညာကဏ္ဍ)နှင့် ဆက်စပ်သောစာအုပ်စာတမ်းများ၊ အစီရင်ခံစာများ၊ သုတေသနစာတမ်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

စွမ်းရည်ပြသမှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် စိန်ရတုခန်းမဒုတိယထပ်၌ ခင်းကျင်းပြသထားသည့် ICT Development ပြခန်းရှိ Electronic Media (Computer Aided Instruction)၊ Projected Media (Visual Presentar)၊ Electronic Media (Video System)၊ Internet ခန်းတို့တွင် ကျောင်းသား၊ ကျောင်းသူများ၏ စွမ်းရည်ပြသမှုများကိုလည်းကောင်း၊ ပညာရေးပတ်ဝန်းကျင်နှင့် ပညာရေးအဆောင်အယောင်များ ပြခန်းတွင် ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ လက်တွေ့ပြသနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး နံနက်ပိုင်းတွင် စိန်ရတုခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

အခမဲ့လေ့လာနိုင်

အဆိုပါအမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်း အကောင်အထည်ဖော်မှုပြပွဲကို ယနေ့မှ မေ ၇ ရက်အထိနေ့စဉ်နံနက် ၈ နာရီခွဲမှ ညနေ ၄နာရီခွဲအထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၄

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန (KOTRA)က ကြီးမှူးစီစဉ်သည့် မြန်မာနိုင်ငံရှိ ပြည်တွင်းကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ Cheonbuk Trade Mission မှ စီးပွားရေးလုပ်ငန်းရှင်များ နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တစ်ဦးချင်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲ တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Kyung-Woo၊ စီးပွားရေးသံမှူး Mr. Choi Yoon-Tae နှင့် စီးပွားရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ ပြည်တွင်းကုမ္ပဏီ ၁၇ ခုတို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ Cheonbuk Trade Mission ၏ စီးပွားရေးလုပ်ငန်းကုမ္ပဏီလေးခုတို့မှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ သံအမတ်ကြီး၊ စီးပွားရေးသံမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တစ်ဦးချင်းညှိနှိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးနေကြသော မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များအား နှုတ်ဆက်အမှာစကား ပြောကြားကြသည်။

ယခု ညှိနှိုင်းဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ Cheonbuk Trade Mission မှ Pion Tech Co., Ltd သည် ကိုရီးယားသမ္မတနိုင်ငံထုတ် စိတ်ဖိစီးမှုကို ဖြေလျော့စေသည့် မွှေးရနံ့သုံး လေသန့်စင်စက်များကိုလည်းကောင်း၊ Taegeuk Crop သည် ပိုးသတ်ဆေးဖျန်းစက်များနှင့် ပိုးသတ်ဆေးအမျိုးမျိုးတို့ကို လည်းကောင်း၊ Hankuk Mastite Co., Ltd သည် မော်တော်ယာဉ်နှင့် စက်မှုလုပ်ငန်းသုံး ဂတ်စကက် အမျိုးမျိုးတို့ကိုလည်းကောင်း၊ Fourhands Co., Ltd သည် အိမ်သုံးသောက်ရေသန့်စက်နှင့် လူသုံးကုန်ပလတ်စတစ်မို(Mold) များကို လည်းကောင်း မြန်မာနိုင်ငံ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချရေးနှင့် နှစ်ဖက်အကျိုးတူရောင်းဝယ်ဖောက်ကားနိုင်ရန်မိတ်ဆက်တင်ပြကြပြီး မြန်မာနိုင်ငံမှ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် တစ်ဦးချင်း ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ နှစ်ဖက်အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တစ်ဦးချင်း ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Kyung-Woo နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ

အမျိုးသားပညာရည်မြင့်မားရေးအထူးလေးနှစ်စီမံကိန်းပြပွဲ

စိန်ရတုခန်းမ၊ ၂၀၀၄-ခုနှစ်၊မေလ(၄-၇)ရက်

(၂၄)ကြိမ်မြောက် မင်္ဂလာဗျူဟာ ဝိပဿနာခုနစ်ရက်တရားစခန်း ကျင်းပမည်

ရန်ကုန် မေ ၄

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် (၂၄)ကြိမ်မြောက် မင်္ဂလာဗျူဟာ ဝိပဿနာ ခုနစ်ရက်တရားစခန်းဖွင့်ပွဲကို မေ ၅ရက် (ဗုဒ္ဓဟူးနေ့) ည ၆နာရီခွဲ
တွင် ကျင်းပ၍ အသင်းချုပ်နာယက ကမ္ဘာ့နာစရိယချုပ် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း(ဒလ–ပျော်ဘွယ်ကြီး)နှင့် ကမ္ဘာ့နာစရိယ လေးဦးတို့က
ဟောကြားပြသမည်ဟု သိရသည်။ (က–ပ)

စီးပွားကူးသန်း ရှေ့သို့လှမ်း

တိပိဋကဓရ၊ တိပိဋကကောဝိ
ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပမ

ရန်ကုန် မေ ၄

၂၀၀၄–၂၀၀၅ခုနှစ် (၅၆)ကြိမ်မြောက် တိပိဋကဓရ ရွေးချ
စာမေးပွဲကြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ကောဒသမ(၁၁ ပါး)
ပေါ်ထွန်းလာသော တိပိဋကဓရ၊ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ရမ္မ
ဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလ အရှင်သူမြတ်အား ရမ်းဗြဲမြို့နယ်အ
(ရန်ကုန်)မှ ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို မေ ၁၀ရက်(တနင်္လာနေ့) နံနက်
တွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံတွင် စည်ကားသိုက်
စွာ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

တိပိဋက ဓမ္မပူဇာအဖြစ် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်များ
ဦးချမ်းမောင်(ဥက္ကဋ္ဌ) ဖုန်း–၅၁၃၄၆၂၊ ၅၅၇၅၉၇၊ ဦးသက်နိုင်(ဒု–ဥ
ဖုန်း–၅၄၅၃၉၅၊ ၅၄၃၂၈၂၊ ဦးအောင်ကျော်ဦး (အတွင်းရေးမှူး) ဖုန်း–၀
၁၄၂၆၄၊ ဒေါ်မြတင် (ဘဏ္ဍာရေးမှူး) ဖုန်း–၂၅၄၂၁၀ တို့သို့ ဆက်သွယ်လှ
နိုင်ကြောင်း သိရသည်။ (က

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား မလေးရှားကိုယ်စားလှယ်အဖွဲ့ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေအား မလေးရှားနိုင်ငံ The Association of Wife and Ladies of the Malaysian Civil Service, the Prime Minister Department PUSPANITA -JPM ဥက္ကဋ္ဌ Y.Bhg Puan Sri Hazlin Binti Abdul Karim **ဦးဆောင်သော အဖွဲ့ဝင် ၆ဦးပါ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့်အတူ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဒေါက်တာကြည်စိုး၊ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟို အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အသင်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ PUSPANITA -JPM ဥက္ကဋ္ဌ Y. Bhg Puan Sri Hazlin Binti Abdul Karim က နှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ဧည့်သည်တော်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် PUSPANITA-JPM ဥက္ကဋ္ဌက ဧည့်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ လှုပ်ရှားမှုဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေအား မလေးရှားနိုင်ငံ The Association of wife and Ladies of the Malaysian Civil Service, the Prime Minister Department PUSPANITA-JPM ဥက္ကဋ္ဌ Y. Bhg Puan Sri Hazlin Binti Abdul Karim ဦးဆောင်သော အဖွဲ့ဝင်များ လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကာ အသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဧည့်သည်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာနနှင့် အိမ်တွင်းသက်မွေးပညာသင်ကျောင်းများကို လှည့်လည်ကြည့်ရှုကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေနှင့် မလေးရှားနိုင်ငံ The Association of wife and Ladies of the Malaysian Civil Service, the Prime Minister Department PUSPANITA-JPM ဥက္ကဋ္ဌ Y. Bhg Puan Sri Hazlin Binti Abdul Karim **ဦးဆောင်သော အဖွဲ့ဝင်များ အိမ်တွင်းသက်မွေး ပညာသင်ကျောင်းများကို လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)

❖ ရန်ကုန်မြို့တွင်းလမ်းများမှ

အမြင်တင့်တယ် စေရေးအတွက် အဆင့်မြှင့်တင် ပြုပြင်မွမ်းမံနေမှုများကို ရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က အင်းလျားကန်ပေါင် အမြင်တင့်တယ်စေရေး အတွက် ပန်းအလှပင်များ စိုက်ပျိုးပြီး မြေယာရှုခင်းအလှများနှင့် လူသွားစင်္ကြံများ အစဉ်ကောင်းမွန်စေရေး နှစ်တကျ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို ဆောင်ရွက်ကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် အဖွဲ့သည် ကမာရွတ်မြို့နယ် ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းဆုံ၌ လူသွားစင်္ကြံများ ကွန်ကရစ် ကျောက်ပြားများ ခင်းနေမှုများကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းနှင့် ...ကက်ရုံလမ်းဆုံ၌ လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားနှင့် Inter Lock အလှဆင်ကျောက်ပြားများ ခင်းနေမှု၊ ရေနုတ်မြောင်းများ အုတ်စီပြီးစီးမှု၊ အများသုံးတယ်လီဖုန်းရုံ ထားရှိမှုများကို လည်းကောင်း၊ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံ လူသွားစင်္ကြံ ကွန်ကရစ်ကျောက်ပြားများ ခင်းနေမှုအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်ကြီး သန့်ရှင်းသာယာလှပရေးနှင့် အဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအနက် လမ်းမကြီးများ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ လူသွားစင်္ကြံများ အဆင့်မြှင့်တင်ပြုပြင်ခြင်း၊ အုတ်ရေနုတ်မြောင်းများ ပြုပြင်ခြင်း၊ ပန်းမန်အလှများ စိုက်ပျိုးခြင်း၊ အမှိုက်ကန်များ တည်ဆောက်ခြင်း လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်ခံ့စေရန် အရည်အသွေး စံချိန်စံညွှန်းမီဖြင့် ဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

✻ မြန်မာနိုင်ငံမှ

ထို့နောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကြီးငွေက မြန်မာနိုင်ငံ ပုဇွန်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသော နာယက နှစ်ဦး၊ ဥက္ကဋ္ဌ ဦးလှမောင်ရွှေ (မန်နေဂျင်းဒါရိုက်တာ၊ ရွှေမိသားစု ကုမ္ပဏီလီမိတက်)နှင့် အတွင်းရေးမှူး ဦးသန်းဝင်းအောင် (မန်နေဂျင်းဒါရိုက်တာ၊ ပုလဲနဒီ ကုမ္ပဏီလီမိတက်)တို့ ပါဝင်သည့် အဖွဲ့ဝင် ၂၅ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ စာရင်းနှင့် အဖွဲ့ဝင်ခုနစ်ဦးပါဝင်သော အကြံပေးအဖွဲ့ အမည်စာရင်းတို့ကို ကြေညာသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အသင်းရန်ပုံငွေအတွက် အလှူရှင် ၃၈ဦးတို့က အလှူငွေစုစုပေါင်း ကျပ် ၂၉၇သိန်း ပေးအပ်လှူဒါန်းကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီး ဦးအောင်သိန်းတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသော မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်များကိုယ်စား ဥက္ကဋ္ဌ ဦးလှမောင်ရွှေ (မန်နေဂျင်းဒါရိုက်တာ၊ ရွှေမိသားစု ကုမ္ပဏီလီမိတက်)က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၏ ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅–၅–၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၆။ အတီးပြိုင်ပွဲ
၈:၁၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၂၀ ၈။ သင်ပုန်းရေလှောင်တမံ (မန္တလေးတိုင်း)
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Happy And Educational English Summer Course MRTV.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice In Reading..
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပည... ရုပ်မြင်သံကြား သင်ခန်း... ဒုတိယနှစ် (သချာ၊ ဓာတု... ရူပဗေဒအထူးပြုများ) (သ...
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသ... ရိုးရာတေးသံသာ
၅:၃၀ ၇။ သီချင်းကြီးပဒေသာ
၅:၄၅ ၈။ တေးဂီတအစီအစဉ်
၆:၀၀ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအ...
၆:၁၅ ၁၀။ Discovery.
၆:၃၀ ၁၁။ ညနေခင်းသတင်း
၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၃။ သက်ရှည်ကျန်းမာ မြန်မာ... ရွှေစိမ်းပြာ(အပိုင်း–၁)
၇:၁၅ ၁၄။ သက်ရှည်ကျန်းမာ မြန်မာ... ရွှေစိမ်းပြာ(အပိုင်း–၂)
၇:၂၅ ၁၅။ တေးဂီတအစီအစဉ်
၇:၃၅ ၁၆။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်...**
၂၁။ **"ဘာပဲဖြစ်ဖြစ် သတိရပါ... (ဒွေး၊ သားညီ၊ မြတ်ကေ... အောင်၊ အိန္ဒြာကျော်ဇင်) [ဒါရိုက်တာ–ကိုဇော် (အရဏ်ဦး)]**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

ပုသိမ်မြို့ ရွှေမုဋ္ဌောစေတီရှိ ဗုဒ္ဓရုပ်ပွားတော်များ အနေကဇာတင်ပွဲနှင့် ကဆုန်ညောင်ရေသွန်းပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၄

၁၃၆၆ ခုနှစ် ကဆုန်လပြည့်နေ့အထိမ်းအမှတ် ပုသိမ်မြို့ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးနှင့် ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲ အခမ်းအနားကို မေ ၃ရက် နံနက် ၆ နာရီက အဆိုပါ စေတီတော်ကြီးရှိ ဦးမောင်ကြီးအာရုံခံတန်ဆောင်း၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ အမှူးပြုသော စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးကိုးပါး ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

အနေကဇာတင်

အစီအစဉ်အရ ရှေးဦးစွာ ဒေ့ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီးနောက် ဆရာတော်ကြီးများက စေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ ထို့နောက် ဒေ့ပရိသတ်များက စေတီတော်ဩဝါဒါစရိယ ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက်တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီးနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိသုတထံမှ အနုမောဒနာ တရားနာကြားကြပြီးလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညောင်ရေသွန်းပွဲ

ညနေပိုင်းတွင် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ ရွှေမုဋ္ဌောမဟာစေတီတော်မြတ် ရင်ပြင်တော်၌ ကျင်းပသည့် ကဆုန်လပြည့်ညောင်ရေသွန်းပွဲတော်သို့ တက်ရောက်ရာ ရှေးဦးစွာ စေတီတော် ရင်ပြင်ရှိ ဦးမောင်ကြီး အာရုံခံတန်ဆောင်းတွင် ဗုဒ္ဓရုပ်ပွားတော်များအား ကြည်ညိုပူဇော်သည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ ဒေ့ပရိသတ်များသည် စေတီတော် ရင်ပြင်တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ပြီး စေတီတော် အဂ်ါထောင့်ရှိ မဟာဗောဓိညောင်ပင်သို့ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်၍ အောင်ဂါထာများ ရွတ်ဆိုကာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း "Intergrating ASEAN's Newer Members" ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် ကာကွယ်ရေးအသင်းနှင့် သတ္တုတွင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို ကာကွယ်ရေးအသင်းမှ ဌေးအောင်က ရရှိသွားသည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် စီးပွား/ကူးသန်း(က) အသင်းနှင့် ပို့ဆောင်ရေး(က)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စီးပွား/ကူးသန်း(က) အသင်းက ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယင်းပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံး ဘောလုံးသမားဆုကို စီးပွား/ကူးသန်း(က) အသင်းမှ ဇော်လင်းထွန်းက ရရှိသွားသည်။ (သတင်းစဉ်)

ထိုင်းကုန်စည်ပြပွဲ ကြီးကြပ်မှုကော်မတီစစ်ဆေး

ရန်ကုန် မေ ၄

စာကြည့်တိုက်၊ ပြတိုက်နှင့်ပြပွဲများ ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိ ပုဂ္ဂိုလ်များသည်ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ပြသမည့် ၂၀၀၄ ခုနှစ် နဝမအကြိမ်မြောက် ထိုင်းကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် ကုမ္ပဏီ ၁၄၀၏ ပြခန်းပေါင်း ၁၇၅ခန်းကို ယနေ့ညနေ ၃နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ ကြီးကြပ်မှုကော်မတီကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဟိုးက ပြခန်းတာဝန်ခံ TTF Co., Ltd. မှ မန်နေဂျင်း ဒါရိုက်တာ မစ္စတာ အာနန်ပရာဆာဆစ်ခ်အား ပြပွဲပြသခွင့် လက်မှတ်ကိုပေးအပ်သည်။

အဆိုပါ ထိုင်းကုန်စည်ပြပွဲကို မေ ၅ရက်နှင့် ၆ရက် နံနက် ၁၀နာရီမှ ညနေ ၆နာရီအထိ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား ပြပွဲပြသခွင့် လက်မှတ်များဖြင့် ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ပြီး မေ ၇ရက်နှင့် ၈ရက် တို့တွင် နံနက် ၁၀နာရီမှ ညနေ ၆နာရီ အထိ ပြည်သူများအား အခမဲ့ပြသသွားမည်ဖြစ်သည်။ (သတင်းစဉ်)

Integrating ASEAN's Newer Members ဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၄

ASEAN Information Seminar Series (Fy 2003-2004) စီမံကိန်းအရ ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီကကျင်းပသည့် "Integrating ASEAN's Newer Members" ဆွေးနွေးပွဲကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကော်မတီဝင်များ၊ ASEAN ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီမှ ပြန်ကြားရေးဆပ်ကော်မတီဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ASEAN Information Seminar Series ကျင်းပရေး ကြီးကြပ်မှုကော်မတီဝင် e-Application Working Committee အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် "Integrating ASEAN's Newer Members" ဆွေးနွေးပွဲကို စတင်ကျင်းပရာ နံနက်ပိုင်းသဘာပတိအဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင့်လွင်က ဆောင်ရွက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံ ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုးက "Overview on Initiative for ASEAN Integrating (IAI)" အကြောင်းအရာကိုလည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က "IAI for Infrastructure" အကြောင်းအရာကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မွန်းလွဲပိုင်းသဘာပတိအဖြစ် ASEAN Information Seminar Series ကျင်းပရေးကြီးကြပ်မှုကော်မတီဝင် e-Application Working Committee အတွင်းရေးမှူး ဗိုလ်မှူးကြီးတင်ဦးက ဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာန ရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကံဇော်က "IAI for Human Resource Development (HRD)" အကြောင်းအရာကိုလည်းကောင်း၊ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနမြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးတင့်လွင်က "IAI for Information Communication Technology (ICT)" အကြောင်းအရာကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ရှင်းလင်းဖြေကြား

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက သိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာ အကြောင်းအရာအလိုက် ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လက်မှတ်ပေးအပ်

စာကြည့်တိုက်၊ ပြတိုက်၊ ပြခန်းများ စစ်ဆေးကြီးကြပ်မှုကော်မတီမှ ၂၀၀၄ ခုနှစ် နဝမအကြိမ်မြောက် ထိုင်းကုန်စည်ပြပွဲ ပြသခွင့်လက်မှတ်အား ပြခန်းတာဝန်ခံ TTF Co. Ltd ကုမ္ပဏီ၏ မန်နေဂျင်း ဒါရိုက်တာ မစ္စတာ အာနန်ပရာဆာဆစ်ခ်အား ပေးအပ်စဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်အား
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - Historical Background of Myanmar Economy (ပြည်သူ့ရေးရာ)
၅:၃၀	၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လှုပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း-၁၇)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လှုပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "(၅၈)နှစ်မြောက် မီးသတ်တပ်ဖွဲ့ ဂုဏ်ပြုပညာပေးဇာတ်လမ်း" "ဘာပဲဖြစ်ဖြစ်သတိရပါ" ဒါရိုက်တာ-အရဏ်ဦးကိုဇော် သရုပ်ဆောင်-ဒွေး၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင်၊ သားညီ**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး ကုန်းမြင့်ယာမြေ စုပေါင်းစံပြစိုက်ခင်းများအခြေအနေ လှည့်လည်ကြည့်ရှု

ရန်ကုန် မေ ၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂ ရက် နံနက်ပိုင်းက လားရှိုးမြို့ ဘိုးဘွားရိပ်သာအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားရောက်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လက်ထောက်အင်ဂျင်နီယာ ဦးရဲနောင်က တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များမှာကြားကာ တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း မြေပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရေကန်တောင်

ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ရှိ ပြည်သူများသို့ သောက်သုံးရေဖြန့်ဖြူးပေးလျက်ရှိသော ကန် ၁၈ဆင့် ရေကန်တောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေကန်အမှတ်(၈)သို့ ရောက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ရေကန်များ တိုးချဲ့တူးဖော်ဆောင်ရွက်နေမှုနှင့် ရေကန်များ အနီးပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေး ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် မြကန်သာကန် ၁၈ဆင့် ရေကန်အတွင်း ရေကန်အမှတ်(၁၈)အနီး ရေကန်ပတ်လမ်းများ ဖောက်လုပ်ရေး လုပ်ငန်းခွင်သို့လည်းကောင်း၊ ရေကန်ပေါင်အတွင်းရှိ တိလောကဝိဇယ ဆုတောင်းပြည့်စေတီတော်သို့ ချဉ်းကပ်ကားလမ်းသစ် ဖောက်လုပ်ပြီးစီးမှု အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ စေတီတော်ကြီးအား ဖူးမြော်ကြည်ညိုသည်။

မြို့ဦးစေတီတော်

ဆက်လက်၍ တိုင်းမှူးသည် လားရှိုးမြို့အဝင် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အနီးရှိ သာသနာ့ဗိမာန်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူနေသည့် ဉာဏ်တော် ၆၃လက်မရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်များအား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် တိုင်းမှူးအား ရှမ်းပြည်နယ် (မြောက်ပိုင်း) တွဲဖက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ ပြီးစီးရေး၊ စေတီတော်ပတ်ဝန်းကျင် သာယာလှပ၊ စိမ်းလန်းစိုပြည်ရေး စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် သာသနာ့အေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇနိယအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးနောက် စေတီတော် တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကုန်းမြင့်ယာမြေ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကုန်းမြင့်ယာမြေ(၁) ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ စက်ယန္တရားကြီးများဖြင့် ရေကန်သစ်များ တူးဖော်ဆောင်ရွက်နေမှုနှင့် ရာသီအလိုက် သီးနှံပင်များ သီးနှံစိုက်ခင်းများအခြေအနေ၊ စပါးမျိုးနှင့် စိုက်နည်းစနစ် စုပေါင်းယှဉ်ပြိုင်စံပြစိုက်ခင်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် အမျိုးသားစာကြည့်တိုက်အသစ်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၄

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ယနေ့နံနက်၉နာရီတွင် တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားစာကြည့်တိုက် အသစ်တည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးအား ဒဂုန်အင်တာနေရှင်နယ်လီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်က အမျိုးသား စာကြည့်တိုက်အသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက ဘဏ္ဍာရန်ပုံငွေ ရရှိမှုနှင့် လုပ်ငန်းတိုးတက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဦးကျော်ဦးက အထပ်အလိုက် နေရာချထားမှုနှင့် ဝန်ထမ်းဖွဲ့စည်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆက်စပ်ပေးပြီး ၂၀၀၅ ခုနှစ်အတွင်း သတ်မှတ်လျာထားလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ နိုင်ငံတကာအဆင့်မီ အမျိုးသားစာကြည့်တိုက်ကြီးဖြစ်၍ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာ တည်ဆောက်ရေး၊ လက်ရာသေသပ်ကောင်းမွန်ရေး၊ ဆိုင်ရာအင်ဂျင်နီယာများက အနီးကပ်ကြီးကြပ်ပေးရေးနှင့် မီးသတ်စနစ်ပါရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဝန်ကြီးသည် အထပ်အလိုက် ဆောင်ရွက်ထားရှိမှုများ၊ e-Government လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် တည်ဆောက်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးအသင်း ဘိုးဘွားများအား ပါဝါမျက်မှန်များပေးအပ်

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက မိသားစုဝင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်ခြင်းနှင့် မျက်စိမှုန် အဘိုးအဘွားများအား ပါဝါမျက်မှန်များပေးအပ်ခြင်း အခမ်းအနားကို မေ ၂ ရက် နံနက် ၈နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးတက်ရောက်အားပေးပြီး မျက်မှန်များ ပေးအပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မိသားစုဝင် အဘိုးအဘွားများ၊ စစ်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်ခင်သက်ဌေးသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက မိသားစုဝင် အဘိုး၊အဘွားများအား ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး အဘိုး၊အဘွားများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ မျက်စိမှုန်သည့် အဘိုး၊အဘွားများနှင့် စစ်သည်များအား ပါဝါမျက်မှန်များ ပေးအပ်သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အနေဖြင့် မိသားစုဝင် သက်ကြီးအဘိုး၊အဘွားများအား ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ပေးပြီး မျက်စိဝေဒနာရှင် အဘိုး၊အဘွားများအား အမေရိကန်ဗိုးရှင်း မျက်မှန်စမ်းသပ်ခန်းနှင့် ပူးပေါင်းကာ ပါဝါမျက်မှန်များ တပ်ဆင်ခြင်း၊ မျက်လုံးခွဲစိတ်ပေးခြင်းများကို အခမဲ့ဆောင်ရွက်ပေးကာ အခြားစစ်ဆေးတွေ့ရှိသည့် ရောဂါအမျိုးအစားအလိုက် ဆေးရုံများ၌ ဆေးဝါးကုသမှုခံယူနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

(သတင်းစဉ်)

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

ရန်ကုန် မေ ၄

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော် မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက မဟာစည်မွှေ့ရုံကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မင်္ဂလာအခမ်းအနားကို ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တကဝိဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်မြတ်က ညောင်ရေသွန်းတရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူသည်။ ထို့နောက် ဆွမ်းအလှူရှင် ဦးထွန်းရင်ဦး-ဒေါ်စိန်ခိုင် မိသားစုစသော အလှူရှင် အမည်များကို ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာ ချီးမြှင့်သည်။

ဆက်လက်၍ ဆရာတော်အမှူးပြုသော သံဃာတော်များ၊ ယောဂီ ဋ္ဌည့်ပရိသတ်များက ယဿမုလေ နိသိန္နောယော အစချီသော ညောင်ရေသွန်းဂါထာတော်များ၊ ဗောဓိရက္ခဂီတိ ရှစ်လုံးဘွဲ့ကဗျာများရွတ်ဆို၍ ကျောင်းပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြသည်။**(ဝဲပုံ)**

(က-ပ)

နောက်နှစ်ရက်အတွက် မိုးလေဝသခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်မည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ(၁၁)ရက်မှ(၁၃)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ

မေလ (၅) - (၁၁) ရက်

အမှတ် ၂၊ အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့မှ ထင်းချွေတာရေး မီးဖိုလှူဒါန်းပွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့အကြောင်း ဟောပြောပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဟောပြော ထင်းချွေတာရေးမီးဖို အလုံး ၁၀၀ လှူဒါန်း

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့က ထင်းချွေတာရေး မီးဖိုလှူဒါန်းပွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့အကြောင်း ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၂၀)ရပ်ကွက်ရှိ အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်များဖြစ်ကြသည့် ဒေါ်ခင်စောနှင်း၊ ဒေါ်ခင်ငွေမြင့်နှင့် ဒေါ်အေးအေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးနှင့် အဖွဲ့ဝင်များ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်၊ ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဒေါ်ရင်ရင်လေးက အမျိုးသမီးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း ဟောပြောသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် အလှူရှင် ဒေါ်ခင်ငွေမြင့်က ထင်းမီးဖို အသုံးပြုမှုနှင့် ရရှိလာမည့် အကျိုးကျေးဇူးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ထင်းမီးဖိုအလုံး ၁၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သောင်းက လက်ခံ၍ ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ အကြံပေး ပုဂ္ဂိုလ်၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး၏ ဇနီး ဒေါ်ခင်ငွေမြင့်က ထင်းမီးဖိုအလုံး ၁၀၀ ကိုပေးအပ်လှူဒါန်းရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်သောင်းကလက်ခံစဉ်။ (သတင်းစဉ်)

❐ မင်းတပ်-မတူပီမှ

စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု၊ ကျောက်ခင်းခြင်းနှင့် လမ်းဘေးရေမြောင်းတူးခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၂/၇)ရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းမှူးအား ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်ဆန်းက မင်းတပ်-မတူပီကားလမ်း အကျယ်ပေ ၃၀ ချဲ့ထွင်ခြင်းနှင့် ကျောက်ခင်းပြီးစီးမှုအခြေအနေများကို လမ်းပိုင်းအလိုက် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားသည်။

လက်ဖက်ပျိုးခြံ

ထိုမှတစ်ဆင့် တိုင်းမှူးသည် မတူပီမြို့သို့ရောက်ရှိပြီး ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်ပြည်သူများမှ လက်ဖက်ပျိုးပင် ၁၀၅၀၀၀ ပျိုးထောင်ထားသည့် လက်ဖက်ပျိုးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယပြည်နယ်မန်နေဂျာ ဦးကိုရမ်မာက ချင်းပြည်နယ်အတွင်း လက်ဖက်စိုက်ပျိုးထားရှိမှုနှင့် ပျိုးပင်စုဆောင်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး လက်ဖက်ပျိုးခြံအတွင်းရှိ လက်ဖက်ပျိုးပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းမှူးသည် မတူပီမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသား အိပ်ဆောင်နှင့် စားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသားလူငယ်များအတွက် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးသည် မတူပီမြို့ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ညနေပိုင်းတွင် တိုင်းမှူးသည် မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်စိုးနှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်ရတို့က ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် တိုင်းမှူးက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ဒေသခံပြည်သူများအတွက် အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် မတူပီမြို့ ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်မည့်မြေနေရာ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

ရန်ကုန် မေ ၄

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေး ဈေးသင်္ဘောခေါက်ရေ(၁) "မြဒီပါ" ရေယာဉ်သည် မေ ၁၅ ရက်၊ စနေနေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆) တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင် ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း- ၂၉၂၁၉၉၊ ၂၉၂၃၁၉ တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။ (သတင်းစဉ်)

မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ငွေလှူဒါန်း

ရန်ကုန် မေ ၄

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိ သီတင်းသုံးလျက်ရှိသော အိန္ဒိယနိုင်ငံ ကုသိနာရုံ မြန်မာကျောင်းတိုက် ပြည်တွင်းပြည်ပကမ္ဘာ့သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရအား အမှူးထား၍ အမှတ်[၉၁/ A-1] အင်းယားလမ်း၊ ကမာရွတ်မြို့နယ် ရန်ကုန်မြို့နေ ဒေါက်တာဦးအောင်ဝင်းနှင့် ဇနီး ဒေါ်ဥဥအောင် မိသားစုတို့က မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၀ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပသည်။

အဆိုပါ အလှူငွေပေးအပ်ပွဲသို့ အိန္ဒိယနိုင်ငံ ကုသိနာရုံ မြန်မာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဉာဏိဿရ၊ ပြည်နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော် မဟာဂန္ဓဝါစက ပဏ္ဍိတဘဒ္ဒန္တဇနိန္ဒ၊ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့အစည်းများ၊ အလှူရှင်ဒေါက်တာ ဦးအောင်ဝင်းနှင့် ဇနီး ဒေါ်ဥဥအောင်မိသားစုတို့ တက်ရောက်ကြ သည်။

အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များက ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ရန်ပုံငွေ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ရန်ပုံငွေနှင့် မင်းရွာအထက်တန်းကျောင်းခွဲနှင့် ဇီးပင်ကြီး မူလတန်းကျောင်းအတွက် ရန်ပုံငွေ စုစုပေါင်းအလှူငွေ ကျပ်ကိုးသိန်းကို လှူဒါန်းခဲ့သည်။(က-ပ)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရိပ်သာတိုက်(၁၂)၊အခန်း(၄)နေ ကွယ်လွန်သူမိခင်ကြီး ဒေါ်မေဦးအားရည်စူးပြီး (သမီး)ဒေါ်မေကျော့ မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ဧပြီ ၃၀ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ပေးအပ်လှူဒါန်း

မေ ၂၃ ရက်က မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်စံပြကျေးရွာရှိ ရွှေစေတီတော် ဘက်စုံမွမ်းမံရေးအတွက် နယူးရွှေစင်စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဦးစိုးမြင့်နှင့် ဇနီး ဒေါ်ခင်လေးရီတို့က အလှူငွေကျပ် ၉၀၀၀၀ကို ရန်ကုန်မြောက်ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာ့တုန်းတာကုန်စည်ပြပွဲ ၂၀၀၄ ရန်ကုန် ကုန်သွယ်မှုဗဟိုဌာန၌ ကျင်းပမည်

ရန်ကုန် မေ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့တုန်းတာကုန်စည်ပြပွဲ ၂၀၀၄ ကို မေ ၁၉ ရက်မှ ၂၄ရက်အထိ ရန်ကုန်မြို့ ပုဇွန်တောင်လမ်းမရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အထူးအစီအစဉ်

အဆိုပါပြပွဲတွင် Tone Tah Co., Ltd. မှ Pentel , Carl, Max, Midori, Sam Wang, Tae Yang, Hello Kitty, Comix, Helix Panaco အမှတ်တံဆိပ် ရုံးသုံး၊ကျောင်းသုံး စာရေးကိရိယာအမျိုးမျိုး၊ My Shaldan, ARS, Kobayashi အမှတ်တံဆိပ် ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံး ရေမွှေးများ၊ Oriental Koshin အမှတ်တံဆိပ် လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ Makita Maktec အမှတ်တံဆိပ် လက်သမားသုံးပစ္စည်းများ၊ Turtle Wax, Soft 99 အမှတ်တံဆိပ် ကားပေါ်လစ်များ၊ WD- 40 အမှတ်တံဆိပ် သံချေးချွတ်ဆေးများ Granja, Kaaz အမှတ်တံဆိပ် မြက်ရိတ်စက်များ၊ V-Tech ကော်အမျိုးမျိုး၊ Stihl, Oleomac တံဆိပ် သစ်ဖြတ်စက်များ၊ Ercolina အမှတ်တံဆိပ် အလူမီနီယမ် လှေကားများ၊ Yamaha အမှတ်တံဆိပ် မီးစက်များ၊ Sanwa အမှတ်တံဆိပ် Multitesterအမျိုးမျိုး၊ အင်ဂျင်အမျိုးမျိုးတို့ကို Star Entertainment Co., Ltd. နှင့် ပူးပေါင်း၍ ကုန်ပစ္စည်းဆိုင်ရာသရုပ်ပြပွဲများ၊ တေးဂီတဖျော်ဖြေပွဲများအပြင် Bagan Cybertech, Myanmar Technology Gate Way, Soft Guide Computer, FIT Computer System, Citicon Computer, Smart Computer Technology နှင့် Canon တို့မှ Computerနှင့် အပိုပစ္စည်းများကို ပြသမည်ဖြစ်ပြီး အထူးအစီအစဉ်တစ်ရပ် အနေဖြင့် Bagan Cybertech မှ ပြပွဲကာလအတွင်း Internetကို အခမဲ့ သုံးစွဲခွင့်ပြုမည်ဖြစ်သည်။ Ngapali Construction နှင့် Shwe Gabar Maung Maung, Naing Group Construction တို့မှ အဆင့်မြင့်အိမ်ရာစီမံကိန်း ပုံစံငယ်များကိုလည်းကောင်း၊ Vector Co., Ltd နှင့် U Than Ohn & Sons တို့မှ Hard Ware ပစ္စည်းများကို လည်းကောင်း၊ Fresh Air Conditioners မှ လေအေးပေးစက်အမျိုးမျိုး၊ RF Maung Maung, Honda U Khin Maung, တို့မှ အင်ဂျင်၊ မီးစက်နှင့် စက်ပစ္စည်းအမျိုးမျိုး၊ Shwe San Chaung မှ အသင့်စားသုံးနိုင်သော အစားအစာများ၊ Win Garment MFG Co., Ltd., Mya Nady, Gent Garment, Style World တို့မှ အသင့်ချုပ်ပြီး အဝတ်အထည် အမျိုးမျိုးကို လည်းကောင်း၊ U Win Htoo (စိန်စကြာ) အမှတ်တံဆိပ် လွယ်အိတ်အမျိုးမျိုး၊ Shwe Kabar မှ ကလစ်၊ ရင်ထိုးအမျိုးမျိုး၊ Win Family Industry & Trading Co., Ltd မှ ပန်းအလှပစ္စည်း အမျိုးမျိုး၊ Reva Co., Ltd နှင့် Shoe Studio တို့မှ ဘိနပ်အမျိုးမျိုး၊ Tricer Co., Ltd မှ ပလတ်စတစ်ပစ္စည်း အမျိုးမျိုး၊ Lone May နှင့် N.I.C.E တို့မှလက်ဖက်ခြောက်၊လက်ဖက်နှင့် အကြော်စုံများ၊ Star Croissant Bakery House မှ ကိတ်မုန့်နှင့် အစားအသောက်အမျိုးမျိုး၊ Moe Pyan Ananwa ငါးအူချောင်း၊ ငါးပေါင်းတို့ကို စည်ကားသိုက်မြိုက်စွာ ပါဝင်ပြသသွားမည်ဖြစ်ပြီး အထူးအစီအစဉ်အဖြစ် ပန်းချီဆွဲပြိုင်ပွဲကို ဝါသနာရှင်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်(၁)နှင့် မူလတန်းအဆင့်(၂)ဟူ၍ သတ်မှတ်ထားပြီး အဆင့်များအားလုံးအတွက် ခေါင်းစဉ်မှာ ဝဿန်မိုးရှုခင်း ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ရာ မေ ၁၀ ရက် နောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

လက်ပံတန်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မေ ၄

လက်ပံတန်းမြို့နယ်အသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို မေ ၂၅ ရက် နံနက် ၉ နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မြန်မာ့လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ခမ်းမှာရုံတွင် ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် အသင်းဝင်များ၏သား၊သမီးများ အနက်မှ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်သူ လေးဦးတို့အား ပညာရည်ချွန်ဆုများ ချီးမြှင့်ပြီး ဥက္ကဋ္ဌ ဦးသောင်းကြည်ပါဝင်သည့် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ခဲ့ကြသည်။ (က-ပ)

MISS ASEAN CULTURE 2004

အတွက်

လျှောက်လွှာများခေါ်ယူခြင်း

[illegible] မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ၊
[illegible] ဝန်ကြီးဌာန ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာန တို့မှကြီးကြပ်၍ UMFCCI အသင်းမှကြီးမှူးပြုလုပ်မည်။

ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်

[illegible] Miss ASEAN Culture Myanmar [illegible]

ရွေးချယ်ခံနိုင်ရန်လိုအပ်သောအရည်အချင်း

- [illegible]
- အသက် ၂၀ မှ ၂၅ နှစ်အတွင်းရှိရမည်။
- အရပ် ၅ ပေ ၄ လက်မ အထက်ရှိရမည်။
- ပညာအရည်အချင်း ၁၀ တန်းအောင်မြင်ပြီးဖြစ်ရမည်။
- [illegible]
- မြန်မာနိုင်ငံသားဖြစ်ရမည်။
- [illegible]
- [illegible]

ဆန်ကာတင် ၂၄ ဦးကိုရွေးချယ်ပြီး ဒီလိုဆုတွေချီးမြှင့်ပေးမယ်။

ပထမဆု – ကျပ်သိန်း ၃၀
ဒုတိယဆု – ကျပ်သိန်း ၂၀
တတိယဆု – ကျပ် ၁၀ သိန်း
အထူးဆု တစ်ဦးလျှင် ကျပ် ၂ သိန်း

[illegible] Miss ASEAN Culture 2004 [illegible]

ပါဝင်ယှဉ်ပြိုင်ရန်အတွက် စိတ်ဝင်စားတယ်ဆိုရင်...

[illegible]

UMFCCI
အမှတ် (၂၉) [illegible] ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်ရန်ကုန်မြို့။

[illegible] UMFCCI [illegible]

သင်လည်း မြန်မာအမျိုးသမီးတစ်ယောက်အနေနဲ့ ဝင်ယှဉ်ပြိုင်ကြပါ။

Personal Details
Please fill in English BLOCK CAPITAL LETTERS

Name:____________________
Date of Birth(dd/mm/year): __/__/____ Age: __ Years
NRC Number :____________________
Father's Name: ____________________
Father's NRC No: ____________________
Father's Occupation: ____________________
Mother's Name: ____________________
Mother's NRC No: ____________________
Race: __________ Religion: __________
Address:____________________
Township: ____________________
City:__________ State/Division:__________
Telephone No: ____________________
Contact details: ____________________

Physical Details

Height (must be more than 5 feet 4 inches): _ feet __ inches
Weight (in Kilograms) :__ Kg
Waist: __ inches Chest: __ inches Hips: __ inches
Must include two recent photographs (3.5"x5") One of full face and one full body.

Education/Occupation
Must have finished 10th Standard

Year 10th Standard finished: ____
Name of School where finished:____________________
Current / Last education Level: ____________________
Name of Establishment : ____________________
Current Occupation: ____________________
Name of Company: ____________________
Level of english (can speak)Please tick below:
☐ A little ☐ Quite well ☐ Very well

I hereby certify that the above details are true and if selected I will abide by the rules, regulations and decisions laid down by the organising committee. I also have the permission of my parents/guardians to participate in this event.

Signature of Applicant
Date:__/__/__

Parent / Guardian Signature
Date:__/__/__

SPONSOR [illegible]

မြန်မာ–တရုတ် စီးပွားကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၄

ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် အလုပ်အမှုဆောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi ပြည်နယ် China ASEAN Expo Secretariat မှ Mr. Zhang Zhendong, Vice Secretary General ခေါင်းဆောင်၍ အဖွဲ့ဝင် ခြောက်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး စီးပွားကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ Gaungxi ပြည်နယ် Nanning မြို့၌ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၃ရက်မှ ၆ရက်အထိ ကျင်းပမည့် China ASEAN Expo သို့ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်ပြသရေးကိစ္စတို့ကို ရင်းနှီးစွာ ညှိနှိုင်းဆွေးနွေးကြသည်။

(အောက်ပုံ) (သတင်းစဉ်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊အနောက်မြင်းပြိုင်ကွင်းလမ်း၊အမှတ်(၇၇)နေ ဦးကျော်ဇော-ဒေါ်ချိုတို့၏ တစ်ဦးတည်းသောသား

မောင်ဇော်မိုး

နှင့်

မကွေးမြို့၊ဈေးရပ်၊လမ်းမတော်၊အမှတ်(၅)မြရတနာတိုက်နေ (ဦးချစ်)-ဒေါ်လှလှတို့၏သမီး

မခင်အုန်းချစ် B.A(Myanmar)

(အား/ကာဦးစီးဌာန)

တို့၏ ၃၀-၄-၂၀၀၄ရက်နေ့တွင် မဟာသန္တိသုခကျောင်းတိုက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ဇော်မိုး-မခင်အုန်းချစ်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးသက်တင်-ဒေါ်ခင်သိန်းမြင့်တို့၏ သားဦး

မောင်သူရိန်သက် နှင့်

ရန်ကုန်မြို့နေ ဦးအောင်မြင့်-ဒေါ်သင်းသင်းအေးတို့၏ သမီးဦး

မမေသဲ

တို့သည် ၃-၅-၂၀၀၄ရက် (တနင်္လာနေ့၊ ကဆုန်လပြည့်နေ့)တွင် *STRAND HOTEL* ၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သူရိန်သက်-မမေသဲ

ပုလဲရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဦးသန်းထွန်း(ညွှန်ကြားရေးမှူး၊ လဝက)နှင့် ချစ်မေမေ ဒေါ်မေမေထူးတို့၏ ၅-၅-၂၀၀၄ရက်နေ့တွင် ကျရောက်သော (၃၀)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင် နှစ်ပေါင်းများစွာတိုင်အောင် ချစ်သားသမီး၊ ချစ်မြေးနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်စေရန်နှင့် ဆုမွန်ကောင်းတောင်းလျက်။

ချစ်သားကြီး – အောင်ဇော်သန်း (B.E.Mech)
ချစ်သမီးလတ် – ဗိုလ်ကြီးထွန်းနေအောင်နှင့်
မဝင်းအိသန်း (B.Sc,Phy)
ချစ်သားငယ် – မျိုးဇော်သန်း (B.Sc,Che)
ချစ်မြေး – ကြယ်ဇင်လင်းလက်။

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးမြို့နေ (ဦးလှမောင်)-ဒေါ်ဝက်တို့၏သား၊
မခင်ဝင်းဝင်း၏မောင်၊ (ကိုအေးကို)၏ညီ၊ မစန်းစန်းဝေ(သ/မဦးစီးဌာန)၏ အစ်ကို

မောင်မောင်တာ B.A(History)

ကျောင်းအုပ်၊ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန

နှင့်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးကျော်စိန်(ငြိမ်း)(ညွှန်ကြားရေးမှူး-ငြိမ်း၊ လူမှုဝန်ထမ်းဦးစီးဌာန)-ဒေါ်အေးချို(အထက်တန်းပြဆရာမ-ငြိမ်း)တို့၏ သမီးဦး၊
ကိုအောင်ကျော်မိုး(ဦးစီးအရာရှိ၊ အိုးအိမ်ဦးစီးဌာန)-မစုနှင်းအောင်တို့၏အစ်မ

မသင်းသင်းဇင် (စာရေးဆရာမ-ဇင်)

B.Sc. (Hons:)(Chemistry), Diploma in Japanese(U.F.L)

စာတည်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

တို့၏ ၁-၅-၂၀၀၄ရက်(အလုပ်သမားနေ့)တွင် Yuzana Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်ဇနီး ဒေါ်စန်းစန်းရီ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၏ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့်ဇနီး ဒေါ်သက်သက်ဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်ဇနီး ဒေါ်တင်တင်နွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး၊ မင်္ဂလာလက်ထပ်လက်စွပ်နှင့် ၂၁-၁၂-၂၀၀၃ရက်နေ့တွင် Mya Yeik Nyo Royal Hotel (မြရိပ်ညိုရွှင်ရယ်ဟိုတယ်)၌ စေ့စပ်မင်္ဂလာလက်စွပ် ဆင်မြန်းပေးသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဇနီး ဒေါ်မြသန်း၊ ၂၅-၄-၂၀၀၄ရက်နေ့တွင် ထိမ်းမြားမင်္ဂလာ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသည့် တရားရုံးချုပ် တရားသူကြီး ဒေါက်တာတင်အောင်အေး၊ မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် မင်္ဂလာဧည့်ခံပွဲသို့ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ပေးသည့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာအခါတော်ပေးသီချင်းကို မေတ္တာဖြင့် သီဆိုပေးသည့် ဒေါ်ခင်ညွှန့်ရည်(အန်တီလေး)၊ အခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မိတ်ကပ်စိုးစိုး၊ ဗီဒီယိုနှင့်ဓာတ်ပုံ ကိုမျိုးသိန်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မယုဇနဦး၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးကြသော သားငယ် မောင်ရဲခေါင်ဦးနှင့် သမီးငယ် မရတနာပိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသည့် ညီမလေး ချိုချို၊ လက်ထပ်မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသည့် ညီမငယ် ဖြူဝင်းအိ၊ မေတ္တာဖြင့် ပန်းအလှပြင်ပေးသည့် ဒေါ်တင်တင်အေး(အိမ်တွင်းမှု)၊ မေတ္တာဖြင့် သီဆိုချီးမြှင့်ပေးသည့် ရသသံစဉ်တေးဂီတအဖွဲ့မှ စာရေးဆရာ၊ ဆရာမများ၊ သတို့သမီးဝတ်စုံဖန်တီးပေးသည့် မယဉ်ကျေးနှင့် မသက်၊ ရပ်ဝေးရပ်နီးမှ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများ နှင့် Yuzana Hotel မှမန်နေဂျာနှင့် ဝန်ထမ်းများအား လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မောင်တာ-မသင်းသင်းဇင်(ဇင်)။

မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ လားရှိုး၌ကျင်းပမည်

ရန်ကုန် မေ ၄

အရည်အသွေးကောင်းမွန်စွာ စနစ်တကျ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ၊ ပြည်ပသွင်းကုန် အစားထိုးကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းအမယ်သစ်(အမည်သစ်)များ၊ အများပြည်သူအတွင်း ကျယ်ပြန့်စွာ တိုက်ရိုက်ထိတွေ့ လေ့လာနိုင်စေရန်နှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြုဖြစ်စေရန် ရည်ရွယ်ကာ မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၄ Myanmar Products Expo'2004ကို မေ ၁၅ ရက်မှ ၁၉ ရက်အထိ လားရှိုးမြို့ နန်းဟော်ဝန်ဥယျာဉ်၌ Dragon Exhibitions Limitedက စည်ကားစွာ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူ စာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်းနှင့်တပ်ဆင်ပစ္စည်း၊တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းအလှဆုံးပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Entertainment ၏ ကုန်ပစ္စည်း အရောင်းမြှင့်တင်ရေး ကြော်ငြာသရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၃၁၄၈ သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

ထိုင်းကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၄

ရန်ကုန်မြို့၌ ကျင်းပမည့် ထိုင်းကုန်စည်ပြပွဲ ၂၀၀၄ဖွင့်ပွဲသို့တက်ရောက်ရန် ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Dr. Parnpree Banhiddha-Nukaraခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)



မီးသုံးစွဲလျှင် အသိယှဉ်၍ အစဉ်သတိ အမြဲရှိ

မှတ်သားဖွယ်ရာ

မိုးရေချိန်

ကျောက်ဆည်
၂ဒသမ ၉၁ လက္မ

အင်အားအသင့်အတင့် မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၄

၂၀၀၄ခုနှစ် မေလ ၄ရက်နေ့ မြန်မာစံတော်ချိန် (၀၀) နာရီ (၁၂)မိနစ် (၃၈)စက္ကန့် အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင် ၃၃၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ ၄အဆင့်ရှိ အင်အားအသင့်အတင့်ရှိသောမြေငလျင် တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။

5/5/04, 1:15 AM

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဗန်းမော်ခရိုင် ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ်

စင်းခန်းတံတား၊ ပေါက်နက်ရေလှောင်တမံ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဗန်းမော်ခရိုင် ရွှေကူဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် မေ ၄

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၈ ရက် နံနက် ၈ နာရီတွင် ဗန်းမော်မြို့ အစိုးရနည်းပညာ ကောလိပ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသောင်းနှင့် တာဝန်ရှိသူများ၊ ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ်ကျောင်းအုပ်ကြီး ဦးဆန်းဦးလှိုင်နှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး ဦးဆန်းဦးလှိုင်က ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ်၏ ပညာသင်ကြားရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ရွှေသံလွင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်မှ တာဝန်ခံ ဦးထွန်းအောင်ကျော်က အစိုးရနည်းပညာ ကောလိပ်တည်ဆောက်ရေး လုပ်ငန်းများ ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပညာသင်ကြားရေးနှင့် ဆောက်လုပ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ဗန်းမော်မြို့ အစိုးနည်းပညာကောလိပ်၏ ပင်မဆောင်နှင့် အလုပ်ရုံများဆောက်လုပ်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စင်းခန်းတံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်း ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး၌ စင်းခန်းချောင်းကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် စင်းခန်းတံတား တည်ဆောက်ရေးလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတား တည်ဆောက်ရေး စီမံကိန်း အထူးအဖွဲ့(၁၆) ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းကြည်က စင်းခန်းတံတား တည်ဆောက်ရေးအတွက် အဓိက ပစ္စည်းလိုအပ်ချက်နှင့် ရရှိမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့်ဆောင်ရွက်ပြီးစီးမှုလုပ်ငန်း အခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

သံကူကွန်ကရစ်

စင်းခန်းတံတားသည် အလျားပေ (၄၆၀)ရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ ပေနှင့် လူသွားလမ်းအကျယ်တစ်ဖက်လျှင် သုံးပေစီရှိမည်ဖြစ်သည်။ တံတားအမျိုးအစားမှာ ၁ ဒသမ ၅ မီတာ ငါးပေအချင်းရှိ ဘိုးပိုင်အုတ်မြစ်ပေါ်တွင် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မများနှင့် သံကူကွန်ကရစ် ကြမ်းခင်းတံတား ဖြစ်မည်ဟု သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးအေးနိုင်ထွန်းက မန္တလေး-တကောင်း-မြစ်ကြီးနားလမ်း ရွှေကူမြို့နယ်နှင့် ဗန်းမော်မြို့နယ် အစပ် မိုင်တိုင်အမှတ်(၁၅၀/၀)မှ (၁၃၅/၀)အထိ ရွှေဥဒေါင်းတောင်အတက်အဆင်းလမ်းပြုပြင်မှုနှင့် ကတ္တရာ ခင်းခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကိုမှာကြားသည်။

တကောင်း-ကသာလမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက်၌ လမ်းပြုပြင်မှု လုပ်ငန်းများနှင့် ကတ္တရာခင်းခြင်းလုပ်ငန်း တို့ကို ကြည့်ရှုစစ်ဆေး၍ တကောင်း-ကသာလမ်းဖောက်လုပ်ရေး အထူးအဖွဲ့၏ ဧရာဝတီဒုတိယမြစ်ကျဉ်းရှုခင်းသာ ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ကျောက်စီကတ္တရာခင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူး ဦးအေးနိုင်ထွန်းက မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနားလမ်းရှိ တကောင်း-ငါးအိုးလမ်းပိုင်း၊ ကျေးတောကြီး-ဥဒေါင်းတောင်လမ်းပိုင်းနှင့် ဥဒေါင်းတောင်-ဟန်ထက်လမ်းပိုင်းတို့တွင် ကျောက်စီ ကတ္တရာခင်းခြင်းလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည်အဖွဲ့ဝင်များနှင့်အတူ ထွက်ခွာလာပြီး ရွှေကူမြို့နယ် ဥဒေါင်းတောင်အတက်၊ အဆင်း လမ်းတစ်လျှောက်၌ လမ်းပြုပြင်ထားရှိမှုများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးကြပြီး ရွှေကူမြို့နယ် စီသောင်ကျေးရွာအနီးရှိ ပေါင်းနက်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ကချင်ပြည်နယ် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်အား ကချင်ပြည်နယ် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးလှမြင့်က ပေါင်းနက်ရေလှောင်တမံတည်ဆောက်ရေးအတွက် တမံတည်ဆောက်ခြင်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းနှင့် ရေထုတ်ပြွန် တည်ဆောက်ခြင်းတို့အတွက် စီမံဆောင်ရွက်ထားရှိမှုများ၊ စက်ယန္တရားရရှိမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ပေါင်းနက်ရေလှောင်တမံကို ကချင်ပြည်နယ် ရွှေကူမြို့နယ် စီသောင်ကျေးရွာအနီးရှိ ပေါင်းနက်ချောင်း၌ တမံအမြင့် ၇၅ ပေ၊ တမံအလျားပေ ၇၆၇၀ ရှိ မြေသားတမံ အမျိုးအစားအဖြစ် တည်ဆောက် သွားမည်ဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏ ၂၂၅၈၆ ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ၂၅၀၀ ဧကပေဖြစ်ကာ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာသည် ၁၁၀၉ ဧကရှိမည်ဖြစ်သည်။

ပေါင်းနက် ရေလှောင်တမံတည်ဆောက်ပြီးစီးပါက စိုက်ပျိုးဧက ၅၀၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရွှေကူမြို့သို့ရောက်ရှိကြပြီး ရွှေကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဂုဏ်ရည်ခန်းမ၌ မြို့နယ်၊ရပ်ကွက်နှင့်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကူမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် အဖွဲ့ဝင်များနှင့် အတူရွှေကူမြို့ ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသင်းလွင်နှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရွှေကူမြို့ ပြည်သူ့ဆေးရုံ၏ သွားနှင့် ခံတွင်း ရောဂါကုပြင်ပလူနာဌာန ခွဲစိတ်ခန်း၊ ခွဲစိတ်ပြီးလူနာဆောင်၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ အမျိုးသားသွေးလှူဘဏ်၊ အမျိုးသားဆောင်နှင့် အမျိုးသမီးလူနာဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ကျန်းမာရေး ဝန်များအား မှာကြားကာ မွေးလူနာများ၏ ရင်သွေးငယ်များအား ထောက်ပံ့ငွေများကို မိခင်များအား ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည်ရွှေကူမြို့ အမှတ်(၂)ရပ်ကွက် မော်လမြိုင်ရပ်ကမ်းနားလမ်းဧရာဝတီ မြစ်ဆိပ်ကမ်းရေတိုက်စားကမ်းပြိုမှု ကြိုတင်ကာကွယ်ရေးအတွက် ကွန်ကရစ်ကျောက်စီမြေထိန်းနံရံလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အလျားပေ ၁၀၀ ရှိ ပေါင်းနက်ချောင်း တံတား(ရွှေကူမြို့တွင်း)ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ရွှေကူမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကချင်ပြည်နယ် ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ညနေပိုင်းတွင် ရွှေကူတပ်နယ်ရှိ မြဝတီခန်းမ၌ ရွှေကူတပ်နယ်ရှိ တပ်မတော်အရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တပ်မတော်အရာရှိ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး ရွှေကူတပ်နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည်ထိုနေ့ နံနက်ပိုင်းတွင် ဗန်းမော်တပ်နယ်တိမ်ကြားမင်းခေါင်ခန်းမ၌ ဗန်းမော်တပ်နယ်အတွင်းရှိ တပ်မတော်အရာရှိ စစ်သည်များ၊ မိသားစုဝင်များအား တွေ့ဆုံမှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်း တို့သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်တစ်ခွင် သန့်ရှင်းသာယာလှပစေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် တပ်မတော်သားများ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်း၍ ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်များအလိုက် အမှိုက်နှင့်ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာတိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ် အောင်သိန်းလင်း တို့သည် နံနက် ၆ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ် အောင်ဆန်းလမ်းနှင့် ဗိုလ်မြတ်ထွန်းလမ်းဆုံသို့ လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းတစ်လျှောက်အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူနေမှုများကိုလည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းလမ်းမကြီး ဘေးဝဲ/ယာ၌ အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် လေးထောင့်ကန်လမ်းနှင့် ရတနာလမ်းကြား သစ္စာလမ်းနှင့် ကျိုက္ကဆံချောင်းကြား ဝေဇယန္တာလမ်းတစ်လျှောက် အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းနှင့် ကျိုက္ကဆံချောင်း ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နှင့်နွန်းများ ဆယ်ယူနေမှုများကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် နာနတ်တောလမ်းနှင့် လှည်းတန်းခုံးကျော်တံတားအကြား ဗဟိုလမ်းတစ်လျှောက် အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ခရိုင်၊ မြို့နယ်နှင့်ရပ်ကွက်များအလိုက် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန် စေရေးတို့အတွက် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က တာဝန်ရှိသူများအား မကြာမီကာလအတွင်း မိုးကျလာတော့မည်ဖြစ်၍ ရန်ကုန်မြို့တွင်းရှိ ရေနုတ်မြောင်းများ မြောင်းဖုံးများ စနစ်တကျတတ်ဆင်ရေး၊ ရေနုတ်မြောင်းများနှင့် ချောင်းများရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်နှင့် နွန်းများဆယ်ယူခြင်း၊ ရေထိန်းတံခါးများ အစဉ်ကောင်းမွန်စေရေး စနစ်တကျပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေနုတ်မြောင်းမကြီးများနှင့် ချောင်းများဘေးရှိ ရပ်ကွက်များမှ ပြည်သူများက အမှိုက်များ စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းများ မပြုလုပ်ရေး ပညာပေးခြင်း၊ အရေးယူခြင်းတို့ ဆောင်ရွက်ရန်မှာကြားသည်။

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း မြောက်ဥက္ကလာပမြို့နယ်၌ တံတားကြီးရပ်ကွက် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၌ အမှတ်(၂) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ စည်ပင်လမ်းနှင့် အောင်ရတနာလမ်းထောင့်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အမှတ်(၉၁)ရပ်ကွက် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၌ အမှတ် (၄၆)ရပ်ကွက်နှင့် အမှတ်(၅၀)ရပ်ကွက်၊ သာကေတမြို့နယ်၌ စက်မှုလက်မှုရပ်ကွက် တာမွေမြို့နယ်၌ မအူကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၌ စက်ရုံလမ်းတစ်လျှောက်၊ ဗိုလ်တထောင်မြို့နယ်၌ သိမ်ဖြူလမ်း၊ ဒေါပုံမြို့နယ်၌ အလင်းရောင် ရေတံခါးမြစ်ထွက်ပေါက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၌ မဟာသုဝဏ္ဏကျောင်းနှင့် ပေါ်ဆန်းမွှေးလမ်းတို့တွင်လည်းကောင်း ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်း စမ်းချောင်းမြို့နယ်၌ ကျွန်းတော(မြောက်)ရပ်ကွက် ဒဂုံမြို့နယ်၌ ပြည်အနောက်ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၌ (၂၈)လမ်းအလယ်၊ လမ်းမတော်မြို့နယ်၌ မဟာဗန္ဓုလလမ်းတစ်လျှောက် ဗဟန်းမြို့နယ် ဗဟန်း(၃)လမ်းနှင့် အလုံမြို့နယ် စကားဝိမ်းလမ်းနှင့်ကမ်းနားလမ်းတို့တွင်လည်းကောင်း၊ အမှိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။

(သတင်းစဉ်)

စုပေါင်း ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

လှိုင်သာယာ မေ ၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် လှိုင်သာယာမြို့နယ် သာယာကုန်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တ (နယ်လှည့် သာသနာပြု ဓမ္မကထိက) အရှင်မြတ်အား တပည့်ဒါယကာ၊ ဒါယိကာမများက စုပေါင်းဂုဏ်ပြုပူဇော်ပွဲကို မေ ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ကျင်းပ ပူဇော်မည်ဖြစ်သည်။

လှူဒါန်းလိုသူများ ဖုန်း-၇၀၀၇၇၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ်သတင်းများ

ရဟန်းခံရှင်ပြုပွဲ ကျင်းပ

ကွမ်းလုံ ဧပြီ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံ မြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း၏ ရဟန်းခံ ရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနား ကို ဧပြီ ၂ရက်က တောင်တန်း သာသနာပြု (ဗဟို) ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံစစ်ဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်လတ်နှင့် တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(၄၆၄)**

မွန်ပြည်နယ် အမျိုးသမီးရေးရာ ပညာရေးလုပ်ငန်းအဖွဲ့ ပထမအကြိမ် အခြေခံကွန်ပျူတာသင်တန်းဖွင့်

မော်လမြိုင် ဧပြီ ၃၀

မွန်ပြည်နယ် အမျိုးသမီးရေးရာ ပညာရေးလုပ်ငန်းအဖွဲ့မှ ကြီးမှူး၍ ပထမအကြိမ် အခြေခံကွန်ပျူတာ သင်တန်းဖွင့်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ အစိုးရ ကွန်ပျူတာကောလိပ်ခန်းမ၌ ကျင်းပ သည်။

တက်ရောက်

အခမ်းအနားသို့မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ပြည်နယ်အုပ်ချုပ်ရေးမှူး၊ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် ဦးသိမ်းဆွေနှင့် အဖွဲ့ဝင်များ၊ မွန် ပြည်နယ် အမျိုးသမီးရေးရာ အလုပ် အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့ဝင်များ၊ အထောက်အကူ ပြုအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှင်းလင်း

အခြေခံ ကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မွန်ပြည်နယ် အမျိုး သမီးရေးရာ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မော်လမြိုင် ပညာရေးကောလိပ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ် မြတ်က အမှာစကားပြောကြားပြီး မွန်ပြည်နယ် အမျိုးသမီးရေးရာ ပညာ ရေးအဖွဲ့ ခေါင်းဆောင် မော်လမြိုင် တက္ကသိုလ်(ရူပဗေဒပါမောက္ခ) ဒေါ်ခင် သန်းနွယ်က သင်တန်းဖွင့်လှစ်မှု အခြေ အနေကို ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်သင်ကြား

အဆိုပါသင်တန်းတွင် သင်တန်းသူ၊ သင်တန်းသား ၃၀ ဦး တက်ရောက် ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၄ ရက်မှ ဇွန် ၁၀ ရက်ထိ နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည် ဖြစ်သည်။ **(ခရိုင်ပြန်/ဆက်)**

သန်လျင်မြို့နယ် မြို့ဟောင်း **အ-လ-က ၏ ပထမအကြိမ် ရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကို ဧပြီ ၂၄ ရက်က ကျောင်းခန်းမ၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။** (၅၂၇)

ပုသိမ်ရဲတပ်ဖွဲ့ သက်ကြီးပူဇော်ပွဲ ကျင်းပ

ပုသိမ် ဧပြီ ၂၈

ပုသိမ်မြို့ ဧရာဝတီတိုင်း ရဲတပ်ဖွဲ့ မိသားစုများ၏ သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၈ရက် နံနက် ၈နာရီက ပုသိမ်မြို့ တိုင်းရဲတပ်ဖွဲ့မှူးရုံး ဓမ္မာရုံကြီးတွင် ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသန်းထွန်း၏ ဇနီး ဒေါ်စန်းကြင် ဦးဆောင်၍ တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိ၊ အရာခံ၊ အကြပ် တပ်သားများ၏ မိသားစုများ၊ ခရိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးများ၏ မိသားစုများက အဘိုး၊ အဘွား သက်ကြီးရွယ်အိုများအား လက်အုပ်ချီ၍ ဂါရဝပြုကြသည်။

ယင်းနောက် အဘိုး၊ အဘွားများအား လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများကို လှူဒါန်းကြပြီး အာဟာရအဖြစ် ကြက်သားဆန်ပြုတ်များ တိုက်ကျွေးကြသည်။ **(အောက်ပုံ) (၁၆၅)**

ပြန်/ဆက်လုပ်ငန်း ညှိနှိုင်းစည်းဝေး

ရွှေဘို ဧပြီ ၂၆

ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနသည် ဦးစီးအရာရှိ ဦးအုန်းသန်း၊ ခင်ဦးမြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးကျော်တင့်နှင့် ဝန်ထမ်းများ ဧပြီ၂၆ရက်နံနက်၁၀နာရီတွင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း များ အချိန်အဟုန်မြင့် ဆောင်ရွက်ရေး နှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အလားတူ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ကျွန်းလှမြို့နယ် ပြန်/ဆက်ရုံးများတွင် ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

မော်လမြိုင်ကျွန်း ဧပြီ ၂၉

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးကို ရှေးရှု၍ မြောင်းမြခရိုင် မော်လမြိုင်ကျွန်း မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်များကိုမြို့နယ် အတွင်းရှိ ကျေးရွာများဖြစ်သည့် ပုဂံပုံ၊ ကသဲမျှင်၊ ထီဆိပ်ရေကျော်၊ ထီဆိပ်ရွာမ၊ ထီဆိပ် ဘုရားစု၊ နွားရေကျော်ကျောင်းစု၊ ဖူထီ၊ လင်းခွဲမဲဇလီ၊ ကျားချောင်း၊ မြတ်သာ ရွာဝနှင့် မြတ်သာရွာမ ကျေးရွာများ တွင် ဧပြီ ၂၀ ရက်မှ ၂၈ ရက်ထိ ဖွင့်ပွဲအခမ်းအနားများ ကျင်းပခဲ့ သည်။

ထို့ပြင် ၂၀၀၄ခုနှစ် မေလအတွင်း တွင်လည်း ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက် ဖွင့်ပွဲများကို မော်လမြိုင် ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆက်လက် ဖွင့်လှစ်သွားရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၃၆၄)**

ဧပြီ ၂၇ ရက်က သရက်ချောင်း မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီး ဌာနမှူး ဦးသန်းဝင်းဦးက ကြာအင်း ကျေးရွာအုပ်စု အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လှစိုးထံ နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်စဉ်။

(မြို့နယ်လဝက)

ကျေးလက်လမ်း ဆောင်ရွက်ပြီးစီး

ဇလွန် ဧပြီ ၂၉

၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေဖြင့် ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ရာ ဇလွန်-ကော့ကပ် ကျေးလက်ကျောက်ချောလမ်းအပိုင်းအား ရိုးကြီးရွာထိ ဖောက်လုပ်ပြီးစီးပြီဖြစ်၍ လာမည့် မိုးရာသီကာလအတွင်း ရိုးကြီးရွာမှ ကျေးလက်ပြည်သူများ ဇလွန်မြို့သို့ လွယ်ကူချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ခင်ဦးမြို့နယ် ရွာသာကျေးရွာတွင်ဖွင့်

ခင်ဦး ဧပြီ ၃၀

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ရွာသာ ကျေးရွာ ပုသိမ်ကျောင်းတိုက်၌ ဘဒ္ဒန္တ အာစရ ဦးစီး၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်ပွဲကို ဧပြီ ၂၅ရက် က ကျင်းပရာ ခြေမြစ်ကျင်း ကျောင်း တိုက် ဘဒ္ဒန္တဉာဏိန္ဒက ဖွင့်လှစ်ပေးပြီး တိုင်း (ဘ-က) ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ကောသလ္လာဘိဝံသက ဘုန်းတော်ကြီး သင်ပညာရေး ရည်ရွယ်ချက်များကို ဟောကြားသည်။

အခမ်းအနားတွင် လက်ထောက် သာသနာရေးမှူး ဦးဝင်းဇော်က သာသနာ ရေးဆိုင်ရာများကို လည်းကောင်း၊ လက်ထောက်ပညာရေးမှူး ဦးရွှေမြက ပညာရေး ရည်မှန်းချက်များကိုလည်း ကောင်း၊ ကျေးရွာဥက္ကဋ္ဌ ဦးသာချိုက ကျေးဇူးတင်စကားကို လည်းကောင်း ပြောကြားရာ မြို့နယ်ပြန်/ဆက် စာ/ ထောက်(၃)ဦးအောင်မင်း၊ ကျောင်းအုပ် ဆရာကြီးနှင့် ဆရာမများ၊ ကျောင်းသား မိဘများ တက်ရောက်၍ စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

လက်တွေ့မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျိုက်လတ် ဧပြီ ၂၈

ကျိုက်လတ်မြို့ အမှတ်(၆)ရပ်ကွက်ရှိ နိုင်ငံပိုင် တန် ၅၀ ဆန်စက်အမှတ် (၅၅၇) စံပြဆန်စက်တွင် ဧပြီ ၂၆ ရက်က လက်တွေ့ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ရာမြို့နယ် ကုန်သွယ်/လယ်ယာမန်နေဂျာ ဦးသန်း ထွန်းနှင့် ဝန်ထမ်းများ၊ စက်ရုံမှူး ဦးရဲညွန့်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမိုသင်နှင့် စက်ရုံဝန်ထမ်းများ၊ စက်ရုံ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေး ကြိုတင်ကာကွယ်ရေး ဟောပြောပို့ချပြီး မီးသတ်ဆေးဘူး လက်တွေ့အသုံးပြု နည်းနှင့် မီးငြိမ်းသတ်ရေး ဇာတ်တိုက် လေ့ကျင့်မှု သရုပ်ပြကြသည်။ **(ဝဲပုံ)**

(မြို့နယ်ပြန်/ဆက်)

ဧပြီ ၂၀ ရက်က ပျော်ဘွယ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးဦးဆောင်မှုဖြင့် ကြို့ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားနှင့် စုပေါင်း မြေတူးခြင်း လုပ်ငန်းကို ဆောင်ရွက်ရာ ရမည်းသင်းခရိုင် အလုပ်အမှုဆောင် ဦးတင်စိုး၊ လက်ထောက်ပညာရေးမှူး ဦးဝင်းဇော်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးတင်မောင်ဝင်းတို့ တက်ရောက်အားပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ပဲခူးမြို့ ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ ကျေးလက်ဒေသ ကွင်းဆင်း အခမဲ့ဆေးကုသပေး

ပဲခူး ‌ မေ ၂၀

ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများသည် မေ ၂၄ ရက် နံနက် ၉ နာရီတွင် ပဲခူးတိုင်း ဝေါမြို့နယ် သူရဲသမိန်ကျေးရွာရှိ တိုက်နယ်ဆေးရုံမှ အတွင်းလူနာများနှင့် နာမကျန်းဖြစ်သူ ၄၅၂ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးကြသည်။

လှူဒါန်း

အဆိုပါအဖွဲ့တွင် ခရိုင်ကျန်းမာရေးဌာနမှူး ဒေါက်တာတင်ထွန်းကျော် ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများ၊ အထက်တန်းသူနာပြုနှင့် သူနာပြုဆရာမများ ကွင်းဆင်းပြီး အခမဲ့ကုသပေးကြသည်။ ထို့ပြင် စေတနာရှင် ဒေသခံပြည်သူ ခြောက်ဦးက သူရဲသမိန် တိုက်နယ်ဆေးရုံ ဂိလာန သံဃာ့ဆေးကုသဆောင် တိုးချဲ့ဆောက်လုပ်ရန်နှင့် ဆေးငွေပဒေသာပင်အတွက် စုစုပေါင်း ငွေကျပ် ၁၇၅၀၀၀၀ ကို လှူဒါန်းကြကြောင်း သိရသည်။ **(က-ပ)**

မြတ်ဆရာ ဩဝါဒခံယူပွဲ ကျင်းပမည်

ကျိုက်လတ် မေ ၂၈

ကျိုက်လတ်မြို့ (၉)လမ်းကျောင်း (အမက)နှင့် အထက(၂) (ယခင် အမျိုးသားကျောင်း)တို့မှ ၁၉၈၀-၂၀၀၁ အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာ၊ ဆရာမများအား တပည့် ကျောင်းသားဟောင်းများက ပူဇော်ကန်တော့ပွဲနှင့် မြတ်ဆရာဩဝါဒခံယူပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် ကျိုက်လတ်မြို့ အထက(၂) ခန်းမ၌ ကျင်းပရန် စီစဉ်ထားသည်။

တပည့် ကျောင်းသားဟောင်းများ အနေဖြင့် ကိုကျော်စွာဝင်း အမှတ်(၉) သူဌေးလမ်း ကျောက်မြောင်း တာမွေ၊ ကိုမျိုးသူ ဖုန်း-၀၉၅၀-၁၃၄၀၅၊ မအေးဇာ ဖုန်း-၆၅၂၉၂၃၊ ၆၅၁၂၁၀၊ ကိုဖရန်စစ် ဖုန်း-၆၅၂၉၂၃၊ ၆၅၁၂၁၀၊ လိုင်းခွဲ ၉၆၊ ၁၇၁၊ ကိုဇော်မင်းဦး၊ မဇာနည်တင်မြ ဖုန်း-၂၁၀၉၂၂၊ မခင်မိမိစိုးလွင် ဖုန်း-၅၀၄၉၀၅ နှင့် ကိုသန်းထိုက်အောင် ဖုန်း-၇၂၆၆၇၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ကျောက်မျက်ရတနာ(ဖားကန့်) လက်ထောက်ညွှန်မှူး ဦးဇော်ဝင်းနိုင်က အောင်လက်မှတ် ဆက်ကပ်စဉ်။ (က-ပ)

ဖားကန့်မြို့ ပါဠိပထမပြန် ဆုနှင်းသဘင်ကျင်းပ

ဖားကန့် မေ ၂၀

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ၂၀၀၃ ခုနှစ် (ပါဠိပထမပြန်) စာအောင်ဆုနှင်းသဘင်ကို သီရိမင်္ဂလာမဏိဇေယျုံ စာသင်တိုက်၌ မေ ၄ ရက် နံနက် ၈ နာရီတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တ သုမနနှင့် သံဃနာယက ဆရာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလနှင့် ဩဝါဒကထာခံယူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေက သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားပြီး အတန်းအသီးသီး၌ အောင်မြင်တော်မူကြသော သံဃာတော်များနှင့် သီလရှင်များကို အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြောင်း သိရသည်။ **(က-ပ)**

မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေး

ဂန့်ဂေါ မေ ၂၀

ဂန့်ဂေါခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ အစီအစဉ်၊ အလှူရှင်တစ်ဦး၏ ပံ့ပိုးမှုဖြင့် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံ၌ မျက်စိကု ဆရာဝန် ဒေါက်တာစဂျေတွမ်နှင့် အဖွဲ့သည် မတ် ၇ ရက်က မျက်စိ ဝေဒနာရှင် ၁၂ ဦးအား အခမဲ့ ခွဲစိတ် ကုသပေးသည်။ မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့အလုပ်အမှုဆောင် ဒေါ်သီတာ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကေသီနွယ်၊ ဒေါ်ခင်တင့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အေးကြူနှင့်အဖွဲ့က သွားရောက်ကြည့်ရှုအားပေး၍ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ **(၄၆၅)**

မြို့နယ်သတင်းများ

မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

ဝါးခယ်မ မေ ၂၆

မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မေ ၂၅ ရက် ညနေ ၃ နာရီက ဝါးခယ်မမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် စည်ပင်သာယာဈေးကြီး အတွင်း၌ ပြုလုပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်မြတ်ခိုင်၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိန်ဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

လေ့ကျင့်

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်မှု လေ့ကျင့်ရာတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဈေးမီးသတ်တပ်ဖွဲ့၊ ဈေးကော်မတီဝင်များ၊ စည်ပင်သာယာ ဝန်ထမ်းများက စည်ပင်သာယာ ဈေးကြီးအတွင်း၌ မီးသတ်ယာဉ်များ၊ မီးသတ်စက်များ၊ မီးသတ်ဆေးဘူးများဖြင့် အရေးပေါ် မီးငြိမ်းသတ်မှုများကို ဇာတ်တိုက် လေ့ကျင့်ကြသည်။

ပညာပေးဟောပြော

ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က သန္ဓေမီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ဈေးသူ၊ ဈေးသားများအား ပညာပေးဟောပြောကြသည်။ **(၁၈၂)**

ကွမ်းလုံမြို့နယ်တွင် သက်ကြီးပူဇော်

ကွမ်းလုံ မေ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် နှစ်သစ်မင်္ဂလာ သက်ကြီး ဘိုးဘွားပူဇော်ပွဲ အခမ်းအနားကို မေ ၁၇ ရက် နံနက် ၉ နာရီက သံလွင်ဦးခန်းမ၌ ကျင်းပရာ အပူဇော်ကန်တော့ခံ သက်ကြီးဘိုးဘွားများနှင့် ကွမ်းလုံတပ်နယ်မှူး ဗိုလ်မှူးကြီး ခင်မောင်လတ်နှင့် ဇနီးဒေါ်သန်းသန်းဌေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးအောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အပူဇော်ကန်တော့ခံ သက်ကြီး ဘိုးဘွားများဖြစ်သည့် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအဘိုး ၁၅ ဦး၊ အဘွား ၃၉ ဦး စုစုပေါင်း ၅၄ ဦးတို့အား ကွမ်းလုံတပ်နယ်မှူး ဗိုလ်မှူးကြီး ခင်မောင်လတ်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(၄၆၄)**

ပဲကြီးဖြတ်ပွဲ

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအဖြစ် မော်လမြိုင်ကျွန်းမြို့နယ် ထီဆိပ်ရွာမကျေးရွာရှိ ဒို့ခေတ်ဆန်း ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲကို မေ ၂၂ ရက်က ထီဆိပ်ရွာမ မူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်သတင်းမီဒီယာ ကော်မတီဝင် ဦးမြင့်အောင်၊ မြို့နယ်ပြန်/ဆက် တာဝန်ခံဦးစီးမှူး ဒေါ်နော်မာဂရက်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်မောင်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၃၆၄)

ဝါမျိုးစုံ ဧက ၃၀၀၀၀ စိုက်ပျိုးရန် နွားထိုးကြီးတွင် တောင်သူများ ထွန်ရေးငင်

နွားထိုးကြီး မေ ၂၀

နွားထိုးကြီးမြို့နယ်တွင် ဝါမျိုးစုံဧက သုံးသောင်းခန့် စိုက်ပျိုးအကောင်အထည်ဖော်ရန် မြို့နယ်ဝါတောင်သူများ ဝါထွန်ရေးငင်နေကြပြီဖြစ်သည်။

၂၀၀၄-၂၀၀၅ခု ဘဏ္ဍာနှစ်တွင် စီမံကိန်းဝါလုပ်ငန်းကို မိုးကြိုချည်မျှင်ရှည်ဝါ ဧက ၅၅၀၊ ပိုးချည်မျှင်ရှည်ဝါ ဧက ၁၀၀၀၊ မိုးနှောင်းချည်မျှင်ရှည်ဝါ ဧက ၁၃၃၅၀နှင့် မလှိုင် ၅/၆ ဝါ ၁၂၉၀၀ စုစုပေါင်း စီမံကိန်းဝါဧက ၂၇၈၀၀ စိုက်ပျိုးကြမည်ဖြစ်သည်။

မိုးကြို ချည်မျှင်ရှည်ဝါ စီမံကိန်း ဧက ၅၅၀ မှာ ဧက ၅၉၉ ထိ ပိုမိုစိုက်ပျိုးပြီးစီးနေ၍ ပင်မြစ်ရေများကို ခက်လန်းဆည်ကန်နားကန်တို့က ဆည်ရေကန်ရေ ဆက်ပေးနေပြီဖြစ်ကြောင်း သိရသည်။ **(၉၅)**

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးကို နေ့စဉ် ပုံမှန်ဆောင်ရွက်လျက်ရှိပြီး တစ်ပတ်လျှင်တစ်ကြိမ် မြို့လုံးကျွတ် အထူးသန့်ရှင်းရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မတ် ၂၆ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကိုနှင့် ဒု-ဦးစီးမှူး(သန့်) ဦးလှမြင့်တို့ ဦးဆောင်ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများဖြင့် ကလေးမြို့ အထွက်လမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ အထူးသန့်ရှင်းရေး လုပ်ငန်း ဆောင်ရွက်ကြစဉ်။ (၄၅၇)

အင်းတော်တွင် နှမ်းစပါးဆက်စိုက်ပျိုး

အင်းတော် မေ ၂၅

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ်တွင် ၂၀၀၃-၂၀၀၄ ခုနှစ်၌ နွေစပါး ဧက ၂၀၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ မတ်လကုန်ထိ ၁၃၉၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။

စစ်ကိုင်းတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးခင်မောင်လတ်၊ ကသာခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်တို့၏ လမ်းညွှန်မှုအရ နွေစပါး လျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရန် အင်းတော်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုကြီးကြပ်ရေးမှူး ဦးကျော်မြင့် ဦးဆောင်၍ မော်လူးစခန်း တာဝန်ခံ ဦးသိန်းဌေးနှင့် ဝန်ထမ်းများ မေ ၂၄ ရက်က မော်လူးအုပ်စု၊ ပဲခူး ရွာ၊ ကွင်းအမှတ်-၅၅၁၊ ဦးပိုင်အမှတ်-၅၅ တောင်သူ ဦးတင်အုန်း၏ ကိုင်းမြေတွင် ဆောင်းမြေပဲအပြီး ၇၄၇ စပါးမျိုးကို နွေစပါးအဖြစ် တိုက်ရိုက်အစေ့ချ စိုက်ပျိုးကြသည်။ **(၂၃၃)**

သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသန်းဌေး ဦးဆောင်၍ ဒု-ဦးစီးမှူး(အခွန်) ဒေါ်စန်းစန်းလွင်နှင့်ဈေးအကျိုးဆောင်များ၊ စည်ပင်သာယာရေးဝန်ထမ်းများ ပူးပေါင်း၍ မေ ၂၀ ရက်က မြို့မဈေးကြီးအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဈေးတွင်းရေမြောင်းများ ဆယ်ယူခြင်းတို့ကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)



မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ မြသီတာလမ်း၊ ခြံအမှတ်-၂၀၁နေ
(ဦးကိုကို၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊
သတ္တုတွင်းဝန်ကြီးဌာန)-ဒေါ်မော်မော်သိန်းတို့၏သားငယ်

မောင်အောင်ကိုကိုသိန်း B.Sc(Industrial Chemistry)
Director (Royal Orbit Co.,Ltd.)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ အနော်ရထာအိမ်ရာ၊ J/002 နေ
ဒေါက်တာဦးမောင်မောင်စိုး B.D.S(Ygn)(Dental Surgeon)
၏သမီးကြီး

မယဉ်မွန်စိုး B.E(Electronic)

တို့၏ ၂၂-၄-၂၀၀၄ရက်နေ့တွင် တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်အားလည်းကောင်း၊ ၃-၅-၂၀၀၄ရက်နေ့တွင် Dusit Inya Lake Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော ဒေါက်တာမန်းသက်စံ ဒုတိယဝန်ကြီး(ငြိမ်း) အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့်ဇနီးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ညီအစ်ကိုမောင်နှမသူငယ်ချင်းများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော ဟေမာနေဝင်းအားလည်းကောင်း၊ မေတ္တာဖြင့်ရတနာအလှဆင်ပေးသော Diamond Landမှ ဒေါက်တာခင်မောင်ဝင်းနှင့် ဒေါက်တာဝေဝေတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မမြတ်မွန်စိုးအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ဆွေမျိုးများ၊ သူငယ်ချင်းများနှင့်ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကိုကိုသိန်း-မယဉ်မွန်စိုး။



ဘုရား၊ ရဟန်း၊ ကျောင်းအစ်မကြီး

ဒေါ်လှကြည်
အသက်(၇၁)နှစ်
(ကွမ်းခြံကုန်းမြို့)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၄)၊ အခန်း(၉)နေ ဦးမောင်လှ၏ဇနီး၊ ကိုမျိုးညွန့်-မစန်းစန်းရီ၊ ကိုဖေသန်း(ကြေးတိုင်နှင့်မြေစာရင်း၊ မြိတ်မြို့)-မစန်းစန်းအေး၊ ကိုစံလွင်-မခင်ဝင်းကြည်၊ ကိုအောင်ထွန်း-မစိုးစိုးရီ စိုးစံ(လင်း)ကုမ္ပဏီလီမိတက်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂-၅-၂၀၀၄(တနင်္ဂနွေ)နေ့ ည ၇နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အထက်ပါနေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။

မင်္ဂလာဦးဆုတောင်း

ကိုအောင်ကိုကိုသိန်းနှင့်**မယဉ်မွန်စိုး**တို့၏ ၃-၅-၂၀၀၄ရက်နေ့တွင် Dusit Inya Lake Hotel ၌ ကျင်းပသော မင်္ဂလာဦးနေ့မြတ်မှသည် အသက်ထက်ဆုံးတိုင် သာယာချမ်းမြေ့သော ဘဝကို လျှောက်လှမ်းနိုင်ကြပါစေ---။

- **ကိုနီသိန်းဦး-ဒေါက်တာယမင်းပပတင်**
- **ကိုစိုးလွင်သိန်း-မချိုချိုအောင်**
- **မလတ်လတ်ဖြူသိန်း။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အလုပ်ရုံဝန်ထမ်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ဗဟိုစက်မှုလက်မှုအလုပ်ရုံတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အလုပ်ရုံဝန်ထမ်းများအတွက် လျှောက်လွှာများအလိုရှိပါသည်-

(က) လ/ထနည်းပြ(အလုပ်ရုံ) လစာနှုန်း(၅၄၀၀ိ-၁၀၀ိ-၅၉၀၀ိ)၅၆နေရာ
(ခ) သရုပ်ပြကျွမ်းကျင်(အလုပ်ရုံ) လစာနှုန်း(၄၈၀၀ိ-၁၀၀ိ-၅၃၀၀ိ)၅၆နေရာ
(ဂ) အလုပ်ရုံအကူ လစာနှုန်း(၄၂၀၀ိ-၁၀၀ိ-၄၇၀၀ိ)၂၀နေရာ

၂။ အထက်ပါရာထူးနေရာများအတွက် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမှတ်စဉ်(၁-က)ရာထူးအတွက် A.G.T.I (MT.MP.EC.EP.MC. PR.Civil)ဒီပလိုမာ လက်မှတ်ရရှိသူများဖြစ်ရမည်။
(ဂ) အမှတ်စဉ်(၁-ခ)ရာထူးအတွက် T.H.Sလက်မှတ်ရရှိသူလျှောက်ထားနိုင်သည်။
(ဃ) အမှတ်စဉ်(၁-ဂ)ရာထူးအတွက် အခြေခံကျွမ်းကျင်မှုသင်တန်း ဒုတိယအဆင့် လက်မှတ်ရရှိသူများ လျှောက်ထားနိုင်သည်။
(င) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး ၃၁-၅-၂၀၀၄နေ့တွင် အသက်(၃၀)ထက်မကျော်လွန်သူဖြစ်ရမည်။
(စ) ရွေးချယ်ခံရသူများသည် ရေးဦးစွာ ကျွမ်းကျင်သင်တန်း(၃)လ တက်ရမည်။
(ဆ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့၏ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်လက်မှတ်၊ ပါတ်စပို့အရွယ်ဓာတ်ပုံ (၃)ပုံနှင့်အတူ နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများသို့ ၃၁-၅-၂၀၀၄နေ့အရောက်ပေးပို့လျှောက်ထားရမည်။

၄။ အသေးစိတ်သိရှိလိုပါက အစိုးရနည်းပညာကောလိပ်များနှင့်အစိုးရစက်မှုလက်မှုသိပ္ပံများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကိုယ်ကာယကြံ့ခိုင်မှုသင်တန်းဖွင့်

Lady Crownကိုယ်ကာယအလှသင်တန်းက အမျိုးသမီးများတွင် ပိုလျှံနေသော အဆီများလျှော့ချခြင်း၊ ကျန်းမာကြံ့ခိုင်ရေးအတွက် လေ့ကျင့်ရေးသင်တန်းကို ကာယအလှနည်းပြဆရာမများက ခေတ်မီစက်ကိရိယာများ၊ အဆီချလိမ်းဆေး၊ အလေးပြားများနှင့် ကိရိယာလွတ်လေ့ကျင့်ခန်းများကို နည်းစနစ် မှန်ကန်စွာ ကစားလိုသူများ အမှတ်(၉၇)၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း-၂၄၄၀၅၂၊ ၂၄၉၈၂၂သို့ ဆက်သွယ်နိုင်သည်။

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်)
(နာယက)

ဗိုလ်မှူးသောင်းတင်(ရေ)(ငြိမ်း)
အသက်(၆၈)နှစ်
ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက်အမှတ် အမ်တီ-၁၁၊ အခန်းအမှတ် ၂၀၂၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာနေ (ဦးထွန်း-ဒေါ်တင့်)တို့၏သား၊ (ဦးစိုးရ-ဒေါ်စောတင့်)တို့၏ သားသမက်၊ ဒေါ်ခင်လေး (အေးမေတ္တာကုမ္ပဏီ)၏ ခင်ပွန်း၊ ဒေါက်တာတင်အောင်မိုး-ဒေါက်တာကဋ္ဌနာထွန်း၊ ဒေါက်တာတင်အောင်စိုး-ဒေါက်တာခင်မျိုးသွယ်၊ ကိုမောင်ဌေး-မတင်မီမီသက်၊ ကိုဝင်းမောင်မောင်-မတင်မော်မော်ထက်၊ ကိုတင်အောင်မျိုးတို့၏ဖခင်၊ မြေးလေးယောက်တို့၏ အဘိုးသည် ၃၀-၄-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ (တနင်္ဂနွေ) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားပါသည်။

အမှုဆောင်အဖွဲ့။

ဦးရှောင်
အသက်(၉၄)နှစ်

အမှတ်(၁၁၆/D)စိမ်းလဲ့ကန်သာ၊ တက္ကသိုလ်ရိပ်သာလမ်းနေ(ဦးလျောင်၊ ဒေါ်ကျော့)တို့၏သားထွေး၊ (ဒေါ်ရှင်)၏ခင်ပွန်း၊ ဦးဝင်းခင်-ဒေါ်သဇင်မြင့်၊ ဦးကိုလေး-ဒေါ်တင်၊ ဦးဝင်း၊ ဒေါ်ယုံ၊ ဦးချန်သိန်း-ဒေါ်ခင်လှထွေး၊ ဦးခင်မောင်မြင့်(ခ)Lohanzen Hoe -Angela၊ ဦးမြင့်သိန်း-ဒေါ်လီလီလင်း၊ ဦးခင်မောင်လွင်-ဒေါ်မြင့်မြင့်မိုး၊ မောင်ချစ်၊ ဒေါ်စန်းစန်း၊ ဦးမျိုးမြင့်၊ ဦးမြင့်ထွေးတို့၏ဖခင်ကြီး၊ မြေး၁၇ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၃-၅-၂၀၀၄ရက် နံနက် ၂း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၅-၅-၂၀၀၄ရက် နံနက်၁၁နာရီတွင် တရုတ်ကွန်တုံသုသာန်တွင် သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်)၊(ရွှေတောင်တန်းဟိုဘုံကျောင်းမှ ကားများ နံနက်၉နာရီတွင် ထွက်ပါမည်)။

ကျန်ရစ်သူမိသားစု။

နှစ်(၂၀)ပြည့် မင်္ဂလာဆုတောင်း

ကျေးဇူးရှင်ဖေဖေ **ဦးတင်စိုးမိုးနိုင်**(Vice Chairman.,P & Q Co., Ltd.)နှင့် ကျေးဇူးရှင်မေမေ **ဒေါ်မူယာရှိန်** (ဦးစီးအရာရှိ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)တို့၏ ၅-၅-၂၀၀၄နေ့တွင် ကျရောက်သော နှစ်(၂၀)ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သမီး၊ ချစ်သားတို့နှင့်အတူ အေးချမ်းပျော်ရွှင်စွာဖြင့် လောကီ၊ လောကုတ္တရာအကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ပါစေ...။

ချစ်သမီး- မအင်ကြင်းစိုးမိုး (1St B.D.S, IDM Yangon)
ချစ်သား - မောင်ကောင်းထက်စိုးမိုး (V̄°-°E, TTC)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ဝန်ကြီးများရုံး၊ ရန်ကုန်မြို့။
ဈေးပြိုင်စနစ်ဖြင့် လေလံခေါ်ယူခြင်း

စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မျက်မြင် အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

၁။ **မော်တော်ယာဉ်အမှတ်** - (၁) ၂က/၂၉၈၄ (ကွန်ကြူး)
(၂) ၂က/၂၉၈၆ (ကွန်ကြူး)

၂။ **လေလံတင်ပုံစံရောင်းချမည့်နေ့** - ၅-၅-၂၀၀၄မှ ၁၇-၅-၂၀၀၄အထိ

၃။ **လေလံတင်ပုံစံရောင်းချမည့်နေရာ** - စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံရေးရာ(မော်တော်ယာဉ်ကဏ္ဍ)၊
ဝန်ကြီးများရုံး၊သိမ်ဖြူလမ်း၊ရန်ကုန်မြို့။

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ စီမံရေးရာ(မော်တော်ယာဉ်ကဏ္ဍ)၊ ဝန်ကြီးများရုံး၊ သိမ်ဖြူလမ်းတွင် စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
ဖုန်း-၂၅၁၀၃၁၊ ၃၈၁၈၃၅။

POISE MANAGEMENT SCHOOL
(LCCI Diploma)

သင်တန်းစမည့်ရက်
May 22

*** Management Principles** *** Public Relation**
*** Business Administration** *** Customer Service**
*** Marketing** *** Selling & Sales Management**

အထူးအာမခံ ☛ IELTS/ TOFEL / SPOKEN ENGLISH
လစဉ်တန်းခွဲများ
Contact ☛ Ph: 203106
125(F)ဗိုလ်ချုပ်လမ်းနှင့်ဌလမ်းထိပ်။



ဝမ်းနည်းကြေကွဲခြင်း
ဦးကောင်းညွှန့် B.Sc(Hons), M.Sc
အသက်(၆၉)နှစ်
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ပါမောက္ခချုပ်(ငြိမ်း) ဒဂုံတက္ကသိုလ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးကောင်းညွှန့်သည် ၂၉-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ
ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း
ဦးကောင်းညွှန့် B.Sc(Hons), M.Sc
အသက်(၆၉)နှစ်
အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
ပါမောက္ခချုပ်(ငြိမ်း) ဒဂုံတက္ကသိုလ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ အဖွဲ့ဝင် ဦးကောင်းညွှန့်သည် ၂၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့် ဝန်ထမ်းများ
ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)။

ဝမ်းနည်းကြေကွဲခြင်း

ဦးပညာဝံသ(ဦးထွန်းပြေ)

အသက်(၈၆)နှစ်

Dr.ဦးရဲဝင်း(ဆေးသိပ္ပံပညာဦးစီးဌာန၊ ခေတ္တ-မကွေးဆေးတက္ကသိုလ်)-Dr.ဒေါ်ခင်မျိုး ချစ်(ပါမောက္ခ/ဌာနမှူး၊ ဇီဝကမ္မဗေဒ၊ ဆေး-၂)တို့၏ ဖခင်သည် ၃-၅-၂၀၀၄ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခ/ဌာနမှူးနှင့် ဆရာ၊ ဆရာမများ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်(မကွေး)။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်တင်အေး(M.A) (၅၆)နှစ်

ကထိက-သမိုင်းဌာန၊ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သမိုင်းဌာနမှ ကထိက ဒေါ်တင်တင်အေး သည် ၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် နှမြောဝမ်းနည်း ကြေကွဲရပါကြောင်း။ **ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့်ဆရာ၊ ဆရာမများ သမိုင်းဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်။**

ဝမ်းနည်းကြေကွဲခြင်း

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိ ဦးကျော်ဝင်း (အသက်-၄၂ နှစ်)သည် ၃၀-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ဝန်ထမ်းမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဦးအုံးကျင်

(လှည်းကူး)

၂၅-၄-၂၀၀၄ရက်က ကွယ်လွန်သွားခဲ့သော ဦးအုံးကျင်(လှည်းကူး) နာမကျန်းဖြစ်စဉ်က ပြုစုကုသပေးခဲ့ကြသော တပ်မတော်ဆေးရုံကြီး(မင်္ဂလာဒုံ)မှ တပ်မှူးကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်ဆရာမများနှင့် သူနာပြုဝန်ထမ်းများ၊ ဓမ္မစကြာ ဝတ်ရွတ်အဖွဲ့၊ ဈာပနတွင်ကူညီဆောင်ရွက်ကြသူများ၊ လိုက်ပါပို့ဆောင် ကြသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ကျင်ကျင်(ခ)ဒေါ်အေးကျင်

အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၂-ရပ်ကွက်၊ (၆)လမ်း၊ အမှတ်(၃၇/A)၊ (မြေညီထပ်)နေ (ဦးကြတ်ဝါ)၏ ဇနီး၊ ဦးကျော်မြင့်-ဒေါ်တီတီမြင့်၊ ဦးစိုးမောင်-ဒေါ်ဆွေဆွေ(ငွေစုဘဏ်-၃၊ ငြိမ်း)၊ ဦးမြင့်လွင်-ဒေါ်ချောစုတို့၏ မိခင်ကြီး၊ မခိုင်ခိုင်ဝါ(ငွေစုဘဏ်ခွဲ-၄)၊မစိုးသီဆွေ (စုပါဝမ်းကုမ္ပဏီ)၊ မအေးမွန်သူ (အေးရှားဝေါလ်ကုမ္ပဏီ)၊ မစုနန္ဒာလွင်တို့၏ အဘွားသည် ၄-၅-၂၀၀၄ရက်တွင်နေအိမ်၌ ကွယ်လွန်ပါ၍ ၆-၅-၂၀၀၄ (ကြာသပတေးနေ့) နံနက်၁၁နာရီတွင် နေအိမ်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးငြိမ်းမောင်(၈၃)နှစ်

(တောင်သာ)

တောင်သာမြို့၊ အမှတ်(၆) ရပ်ကွက်နေ ဒေါ်ပု၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးမြင့်စိုး-ဒေါ်သန်းသန်းစု(အိုင်ဘီအက်စ် ကုမ္ပဏီ)၊ တောင်သာမြို့နေ ဒေါ်တင်တင်မြင့်(၃၃၃၊ထန်းလျက်ပွဲရုံ)၊ ဦးငွေဝင်း-ဒေါ်ကြူကြူခိုင် (လကမ္မာဆီစက်)၊ ရန်ကုန်မြို့နေဗိုလ်မှူးစိုးအောင် -(ဒေါ်စန်းစန်းမြင့်)၊ ဦးဝင်းငွေ-ဒေါ်သန်းသန်းဆင့် (ဇေယျာဝင်းပွဲရုံ)၊ တောင်သာမြို့နေ ဦးမြင့်ဦး-ဒေါ်ခင်နန်းနန်းသာ (ပတ္တမြားပွဲရုံ)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၄ ရက်တွင်ကွယ်လွန်ပါ၍ ၅-၅-၂၀၀၄ရက် နံနက် ၈နာရီတွင် တောင်သာမြို့နယ် ကျောက်ချောကျေးရွာ သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ထားဝယ်အသင်း(ရန်ကုန်)

ဦးတင်မြင့်(၇၇)နှစ်

(ထားဝယ်)

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇၈)၊စလင်းလမ်း၊(၁၀)ရပ်ကွက်နေ ဒေါ်စိန်၏ ခင်ပွန်း အသင်းဝင်အမှတ်(၂၇၈၄)သည် ၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့)ညနေ၃နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသူ အသင်းသားများ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများမွန်းလွဲ၂:၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ခင်ကြည် (၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ် (၁၉)နေ၊ ရာ/အသင်းဝင် ဦးဝင်းအောင်၏မိခင်၊ ရာ/အသင်းဝင် ဒေါ်ခင်ကြည်သည် ၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၅-၅-၂၀၀၄ရက်၊ မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။အသင်းဝင်များ ပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်ရွှေဟွမ်(၉၆)နှစ်

(မြိတ်)

မြိတ်မြို့၊ ရေပုန်းရပ်နေ (ဦးသံအီ-ဒေါ်စိန်မျှင်)တို့၏သမီး(ဦးအီဟော်)၏ဇနီး၊ မြိတ်မြို့ဆိပ်ငယ်ရပ်၊ ပြည်တော်သာလမ်းနေ ဦးဝင်းလွင်(ခ)ဦးစစ်ပြေး-ဒေါ်သင်းသင်းဝေ(ခ)ဒေါ်ပုတို့၏ ချစ်လှစွာသောမိခင်၊ ကိုတင်ဝင်းအောင်-မစမ်းစမ်းသူ(ခ)မင်းမင်း၊ ရန်ကုန်မြို့နေ ကိုအောင်လွင်-မသီသီဇင်(ခ)ဝေဝေ၊ Dr. နွေးနွေးလတ်(လ/ထဆရာဝန်၊ မြိတ်ပြည်သူ့ဆေးရုံကြီး)တို့၏ အဘွား၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၃-၅-၂၀၀၄ရက်တွင်ကွယ်လွန်ပါ၍ ၅-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၁:၃၀ နာရီတွင် နေအိမ်မှ ကလွင်တရုတ် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊ရဟန်းဒါယကာကြီး

ဦးအေးစီ(ခ)ဦးအေး

အသက်(၇၈)နှစ်

(သထုံ) (ဒိုက်ဦး)

ဒိုက်ဦးမြို့၊ ဖအောင်းဝဲကျေးရွာနေ (ဦးလေးရွှေ-ဒေါ်သိန်း)တို့၏ တစ်ဦးတည်းသောသား၊သထုံဒီတြိတ်ကောင်စီ ဝန်ထောက် (ဦးကျင်ဖေ-ဒေါ်ခင်ကျော့)တို့၏ သားသမက်၊ရန်ကင်းမြို့၊ တိုက်အမှတ် (၂၁၂)၊ အခန်း(၃၁)၊ အရှေ့ရန်ကင်း၊ ငါးလုံးတန်း(၄) ရပ်ကွက်နေ ဒေါ်စောဦး (အထက်တန်းသူနာပြု-ငြိမ်း၊ သဇင်ဆေးကုခန်းနှင့် သဇင်ဆေးဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သီတာဦး[B.A(geo)၊ လူမှုဝန်ထမ်းဦးစီးဌာန-ရုံးချုပ်]၊ ဒေါ်သန္တာဦး[B.Sc (Chem:) L.C.C.I (U/K) A.C.C.A (Part-1) (U/K)]' ဦးမျိုးသွယ် [B.A (Geo) Final] - မေသူဇာဟန်တို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂-၅-၂၀၀၄ ရက်တွင် ရန်ကင်းနေအိမ်၌ ကွယ်လွန်ပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ မျက်ကြည်လွှာနှင့် ခန္ဓာကိုယ်အားဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ ရေကန်၊တန်ဆောင်းဒါယကာကြီး

ဦးအောင်ထွန်းမြ(၇၃)နှစ်

ရတနာဆိုင်ပိုင်ရှင် စစ်တွေ

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးကျော်လှဦး-ဒေါ်မစိန်ဥ)တို့၏သား၊ ဒေါ်နုစိန်၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်လှစိန်ညွန့်-ဦးစံလှဘော်)၊ဒေါ်ကျော့ကျော့-ဦးမောင်သာထွန်း၊ ဦးမောင်မြစိန်-ဒေါ်စံသာအေးတို့၏ ညီ/မောင်၊ ဒေါ်စံသာ-(ဦးဦးကျော်ထွန်း)၊ ဦးထွန်းလှဖြူ-ဒေါ်ညိုညို၊ ဒေါ်အောင်မဇံ-(ဦးအောင်စိန်ထွန်း)တို့၏ အစ်ကို၊ ဒေါ်စောယဉ်-ဦးသာနုမင်း၊ (ဒေါ်သာနုစိန်-ဦးကျော်ညွန့်)တို့၏ ဦးလေးသည် ၃-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်ပါ၍ ၅-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါက်တာဦးအောင်

(Ph.D. Canada)

အသက်(၆၀)

ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၄)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၈၃၆) နေ (ဗိုလ်မှူးကြီးစည်သူဘာဘာ-ဒေါ်အောင်ကြည်)တို့၏သားကြီး၊ ဦးကြင်-(ဒေါ်ခင်သန်းအေး)တို့၏ သားသမက်၊ ဒေါ်ခင်စန်းမူ၏ချစ်လှစွာသော ခင်ပွန်း၊ ဒေါက်တာ ဦးအောင်သည် ၄-၅-၂၀၀၄ရက် Sakura အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက်နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ နံနက်၉:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်း အမကြီး

ဒေါ်ဖွားသင် (၈၈)နှစ်

(ပင်းအိုရွာ၊ မြိတ်ခရိုင်)

တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ပင်းအိုရွာနေ (ဦးဖေ-ဒေါ်စိန်ရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၁၆)၊(၂)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်နေ (ဦးသိန်းတင်)၏ ဇနီး၊ (ဒုတိယဗိုလ်လှမြင့်)၊ ဦးခင်လတ်-(ဒေါ်သန်းနွဲ့)၊ (ဦးကြည်သက်)-ဒေါ်မြသီ၊ ဦးအေးဟန်-ဒေါ်စီစီ၊ ဦးကြည်စံ၊ ဒေါ်စုစုမြင့်၊ ဦးကြင်ငွေ-ဒေါ်နုနုခင်၊ ဦးဇော်ဝင်း(ဦးဇဋိလ)၊ ဗိုလ်မှူးဖြူစင်သိန်း-ဗိုလ်ကြီးခင်နှင်းနှင်းတို့၏ မိခင်သည် ၂-၅-၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက်မွန်းလွဲ၂နာရီတွင်ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အုံအင်ဟိန်(ခ)ဦးအင်ဟိန်

အသက်(၇၉)နှစ်

(စိုးစံကဖီး၊ မော်လမြိုင်)

မော်လမြိုင်မြို့၊ ဈေးချိုရပ်၊ ကျိုက္ခမီလမ်း၊ အမှတ်(၄၃/G)၊ အဝေးပြေးကားဂိတ်၊ စိုးစံကဖီးနေ (ဦးဝက်-ဒေါ်စောရင်)တို့၏ သား၊ ဒေါ်ငြိမ်းမြိုင်၏ ခင်ပွန်း၊ ဒေါ်တင်တင်ဝင်း-(ဦးဆွန်ဟိုး)၊ ဦးခင်မောင်ဝင်း-ဒေါ်ခင်နွယ်ဝင်း(B.A, His)၊ (ဦးခင်မောင်မျိုး)၊ ဒေါ်ခင်သန်းယု (B.Sc,Zoo)၊ (ကိုခင်မောင်သိန်း B.Sc, Match)၊ ဒေါ်ညိုညိုထွေး(B.A, Geography၊အလပြ-၆) - တကကစ/ရပါဆန်း(B.A Geo)၊ ဦးခင်မောင်လွင် (B.Sc, Zoo လဝက၊ မော်လမြိုင်)-ဒေါ်ကေခိုင်ဝင်း(B.A Myan လဝက၊ မုဒုံ)၊ ဒေါ်အေးအေးသီ (M.Sc, Chen နည်းပြ၊ ဘိုကလေးပညာရေးကောလိပ်)၊ ဦးခင်မောင်သန်း-ဒေါ်စန်းစန်းအေးတို့၏ ချစ်လှစွာသောမွေးသဖခင်၊မြေး၁၀ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၅-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ မုယောင်းတရုတ် သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း

ဦးစောဘမြင့်(၇၂)နှစ်

အရာခံဗိုလ်(ငြိမ်း)တပ်မတော်လေ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ဦးဘအိုလမ်း၊ အမှတ်(၂၀)နေ (ဦးဘအန်း-ဒေါ်အုန်းခင်)တို့၏ သား၊ နော်မိုးနာ၏ ခင်ပွန်း၊ ဦးစောကျော်ရွှေ-နော်ဗိုင်းလက်သိန်း၊ (နော်လေးဒီရာ-ဦးစောလှမြင့်)၊ ဒေါ်ခင်ခင်-(ဦးမင်းအောင်)၊ (ဦးဘခင်-နော်ပသား)၊ (စောဝင်းတင်)-နော်စေးသာတို့၏ ညီ/မောင်၊ ဒေါ်ခင်သန်းနု-ဦးမောင်မောင်၊ နော်ခင်မေချစ်၊ နော်ခင်ခင်ထွေး-ဦးတင်မိအောင်သွင်တို့၏ အစ်ကို၊ နော်ထီးမူး-စောအယ်(လ်)ဗင် (Sumitomo)၊ နော်ထီးခူ-ဦးဝင်းထွင့် (Y.C.D.C)၊ စောဇော်မိုးထွေး-နော်လားစေးတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၃-၅-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၅-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် ဦးရွှေနုလမ်း၊ သမိုင်းကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်စန်းစန်းမေ(ခ)ဆရာမနန်းအိဝါ

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ သန်လျက်စွန်းလမ်း၊ အမှတ်(D-5)၊ ရေနံမိသားစုလိုင်းနေ ဦးအောင်သိန်း - (ဒေါ်မြခင်)တို့၏ သမီးကြီး၊ ဦးချစ်ဦး၏ဇနီး၊ ဦးဝင်းမော(MPPE)-ဒေါ်နွဲ့နွဲ့ဝင်း (MPPE)၊ ဦးကြည်ရှိန် (ပြုပြင်ထိန်းသိမ်းရေးလေတပ်)-ဒေါ်ကြည်ကြည်စိုးတို့၏ အစ်မ၊ မအေးအေးသွယ်(ဆန်းသစ်အပ်ချုပ်ဆိုင်)၊ ကိုဇေယျာထွန်း (MPPE)-မမိုးမိုးသွယ် (MPPE)၊ မနုနုသွယ်(MPPE)တို့၏ မိခင် ဒေါ်စန်းစန်းမေသည် ၃-၅-၂၀၀၄ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သပါ၍ ၅-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ၁:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

လယ်တီစံကျောင်းသာသနာ့ရိပ်သာအမကြီး

ဒေါ်မာယာဆူဘား

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၄/၁၀၆၊ ၅၇လမ်းထောင့်၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်နေ (ဇေယျကျော်ထင်သူရ-MCဗိုလ်မှူးဘီအမ်ဆူဘား၊ ငြိမ်း)၏ဇနီး၊ ဒေါ်အင်ဒရာဆူဘား-ဦးကျော်မြင့်၊ ဒေါ်ဒါနူးဆူဘား၊ ဦးဂျင်မီဆူဘား-ဒေါ်ရီတာ၊ဦးရစ်ကီလင်ဘူး-မဖလော်ရင့်၊ ဒေါ်ဒူးရာဘာဆူဘား-ဦးအိုရောဂျာ၊ (ဦးဘီဒူဆူဘား)၊ ဒေါ်ဂိုမားဆူဘား-ဦးကောလင်းဂရင်း၊ ဒေါ်ဒေါ်လီဆူဘား-ဦးရှိမိတို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃-၅-၂၀၀၄ရက်တွင် အာရှတော်ဝင်ဆေးခန်း၌ ကွယ်လွန် သွားပါ၍ ၅-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ဟိန္ဒူဘာသာထုံးစံအရ ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း၊ ရေကန်၊တန်ဆောင်းဒါယကာကြီး

ဦးအောင်ထွန်းမြ(၇၃)နှစ်

ရတနာဆိုင်ပိုင်ရှင်

(စစ်တွေ)

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးကျော်လှဦး-ဒေါ်မစိန်ဥ)တို့၏သား၊ (ဦးမောင်သာဒိုး-ဒေါ်မသာဥ)တို့၏ သားသမက်၊ ဒေါ်နုစိန်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်မိုးပန်းဖြူ-ဒေါက်တာလှစိုး (UNPAE-East Timor)တို့၏ ချစ်လှစွာသောဖခင်၊ ဦးမောင်သန်းလှ-ဒေါ်ချိုချိုမာ၊ ဦးရွှေဘသိန်းတို့၏ ဆရာကြီး၊ မောင်ဟိန်းရဲလင်း(နဝမတန်း၊အထက-၂)၊မဆုမြတ်ပွင့်ဖြူ(စတုတ္ထတန်း၊အမက-၅)တို့၏ ချစ်လှစွာသောအဘိုးရှင်သည် ၃-၅-၂၀၀၄(တနင်္လာနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်း၊ရေတွင်း- ရေကန်၊တန်ဆောင်းဒါယကာကြီး

ဦးအောင်ထွန်းမြ(၇၃)နှစ်

ရတနာဆိုင်ပိုင်ရှင်

(စစ်တွေ)

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ (ဦးကျော်လှဦး-ဒေါ်မစိန်ဥ)တို့၏သား၊ (ဦးမောင်သာဒိုး-ဒေါ်မသာဥ)တို့၏ သား သမက်၊ ဒေါ်နုစိန်၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးဦးကျော်လှ-ဒေါ်စောယဉ်)၊ (ဒေါ်မသိန်း-ဦးဖိုးစိန်အောင်)၊ ဒေါ်မလှစိန်-ဦးထွန်းအောင်ဖြူတို့၏ညီ/မောင်၊ (ဦးအေးထွန်း-ဒေါ်မနုလှ)၊ ဒေါ်မလှနု-ဦးထွန်းမြင့်တို့၏ အစ်ကိုသည် ၃-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်ဝင်းညွန့်(ခ)တန်ခူး

အသက် (၅၁)နှစ်

(ထီးတန်း)

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၁၁)ထီးတန်းလမ်းမတန်းနေ (ဦးထွန်းရင်)-ဒေါ်တင်ကြည်တို့၏ မြေး၊ ဦးစိန်ဝင်း-ဒေါ်တင်ညွန့်တို့၏ သား၊ ဦးအောင်စိုးညွန့်၊ ဒေါ်ဝေဝေစိန်၊ ကိုဝင်းကြည်-မတင်တင်လှ၊ မေမေစိန်၊ မူမူစိန်၊ ကိုကြည်သာ-မမော်မော်စိန်၊ ကိုကိုမြင့်တို့၏အစ်ကိုကြီး၊ ကိုဝင်းထိုက်-မဇာဇာဝင်း၊ ဝေလင်းမောင်၊ အေးလင်းမောင်တို့၏ မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ ဒေါ်ခင်စု (အလုံ၊ကျန်းမာရေး ဦးစီးဌာန)၏ ခင်ပွန်းသည် ၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၅-၅-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အလုံ ကျန်းမာရေးဦးစီးဌာန၊ ဝန်ထမ်းအိမ်ရာမှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဦးပညာဝံသ(ဦးထွန်းပြေ)

သိက္ခာတော်(၂၁)ဝါ၊သက်တော်(၈၇)နှစ်

လမိုင်း၊ ကျိုက္ခမိ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ငါးထပ်ကြီး ဘုရားလမ်း၊အမှတ်(၁၅၀)၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံဝင်းနေ (ဦးချိန်ကြွ-ဒေါ်စိန်မေ)တို့၏သား၊ (ဒေါ်သက်တင်အေး)၏ ခင်ပွန်း၊ ဒေါက်တာရဲဝင်း(ဆေးသိပ္ပံပညာဦးစီးဌာန) - ပါမောက္ခဒေါက်တာ ခင်မျိုးချစ်(ဆေးတက္ကသိုလ်-၂)၊ဦးဟန်စိန် (စက်ရုံမှူး၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ)-ဒေါ်ခင်မြဝင်း၊ဦးသိန်းထွန်းဝင်း (မြို့နယ်ဦးစီးမှူး၊ သမဝါယမဦးစီးဌာန၊ လှိုင်းဘွဲ)-ဒေါ်ခင်အုန်းမြင့်၊ ဦးနေဝင်း-ဒေါ်ဌေးဌေးဝင်း (ကုန်သွယ်/လယ်ယာ၊သံဖြူဇရပ်)၊ ဒေါ်ချိုနွယ်သိမ့် (SAT-အထက-၃၊ ဗဟန်း)တို့၏ဖခင်၊ ဒေါက်တာမင်းထင်(YGH)ဒေါက်တာ သဇင်ဝင်း(YCH)၊ ဒေါက်တာညီညီကျော် - ဒေါက်တာဖူးပွင့်ဟန်၊ကိုရဲဝေ၊ မဆုဝါရည် (FP II, IM-1)၊မသဲပြည့်အေး၊ မောင်အောင်ပြည်ဟိန်းတို့၏ အဘိုးသည် ၃-၅-၂၀၀၄ ရက်တွင် ပျံလွန်တော်မူပါ၍ ယင်းနေ့တွင် ရေဝေး သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးချစ်မောင်(၈၄)နှစ်

(ညောင်ဦး)

ညောင်ဦးမြို့၊ ကံသာယာရပ်နေ (ပွဲစားကြီး ဦးအုန်းကျော်-ဒေါ်ငွေရှိန်)တို့၏ သားကြီး၊ ဒေါ်မြမေ၏ ခင်ပွန်း၊ (ဦးခင်မော်)၊ဦးမြင့်သန်း၊ဒေါ်မာလာ လွင်တို့၏အစ်ကိုကြီး၊ ဗိုလ်ကြီးတင်ဆွေဝင်း (လေ-ငြိမ်း)၊ ဒေါ်တင်ထွေးလှိုင်[စက်ရုံခွဲမှူး၊ သဃ်းကျွန်း၊ ပုဝါစက်ရုံ(၂၄)]၊ ဦးတင်ဆွေလင်း (မြို့နယ်တရားသူကြီး၊ ဘုးသီးတောင်)၊ ဒေါ်အေးအေးမွန်၊ ဦးအောင်ချစ် (BVS)၊ ဒေါ်ခင်အုန်းမေ (BVS)၊ဦးသောင်းဟိန်း(မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူး၊ပြည်ကြီးမဏ္ဍိုင်မြို့)၊ဒေါ်ထားထားအေး၊ ဦးအေးကို၊ ဒေါ်သီသီအေး (အမက-၄၊ ညောင်ဦးမြို့)၊ ဒေါ်ခင်မျိုးဝေ(ညှော့လမ်းဆွန်)၊ ဦးအောင်ကျော်စိုး (ညှော့လမ်းဆွန်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ တုတုမသုံးယောက်တို့၏ ဦးလေး၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ ကြောင်းရပ်ဝေးရပ်နီးနေဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားအသိပေးအကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်မင်း (၇၂)နှစ်

လ-ဝ-က(ငြိမ်း)

ဟိုပင်မြို့ (ဦးဘိုးညွန့်-ဒေါ်သိန်းရွှီ)တို့၏သား၊ ကသာမြို့ (ဦးစောပိုင်-ဒေါ်အေး)တို့၏သားသမက်၊ ဦးလှမောင်-ဒေါ်ခင်ငြိမ်း၊ ဒေါ်သန်းမြ-(ဦးခင်မောင်ကြီး)တို့၏ညီ/မောင်၊ ဦးအောင်သင်း-ဒေါ်ခင်ထွေး၊ ဒေါ်မြင့်မြင့်-ဒေါက်တာတင်လှိုင်တို့၏ အစ်ကို၊ ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ရွှေကုံကော်လမ်း၊ ရွှေမာလာရိပ်မွန်၊ တိုက်(A/8)နေဒေါ်ခင်ညွန့်၏ခင်ပွန်း၊ မတင်တင်လှိုင်B.Sc(Zoo)-မောင်ဇော်ထွန်းအောင်(အဆုတ်ဓာတ်မှန်)၊ မောင်ရန်အောင် (E/E Moonsoon Maritime)၊ မောင်ရဲအောင်(1/E-M.T.M)-မဗိုလ်ဗိုလ်အောင်(လဝက)၊ မလွင်လွင်အောင် (J.Tထ/၆၊ မင်္ဂလာတောင်ညွန့်)၊ မသီသီအောင် B.Sc (Maths)၊ မောင်မိုးကျော်အောင် B.E (Civil)-မရည်ရည်မွန်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မဖူးဖူးငုံဇော်၊ မောင်ထက်အောင်ရှိုင်းတို့၏ ဘိုးဘိုးကြီး သည် ၃-၅-၂၀၀၄ ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၇-၅-၂၀၀၄(သောကြာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ

ဦးစိုးဝင်း (ဆရာစိုး) (၅၆)နှစ်

ရန်ကုန်တိုင်း၊ ဒဂုံမြောက် (၅၁)ရပ်ကွက်၊ ထားဝယ်ချောင်ကျေးရွာနေ (ဦးထွန်းရှင်-ဒေါ်စောရီ)တို့၏ သား၊ (ဦးပါ)-ဒေါ်ကျင်သန်းတို့၏သားသမက်၊ ဦးမောင်ဝင်း-ဒေါ်ဝင်းမြ၊ ဦးလှရွှေ-ဒေါ်စောရွှေ (ဦးမောင်အုန်း)-ဒေါ်ခင်စိန်၊ (ဦးအုန်းကျော်)-ဒေါ်စန်းရီတို့၏ ညီ/မောင်၊ ဦးသိန်းထွန်း-ဒေါ်အုန်းမြင့်၊ မောင်ကိုအောင်-မခင်ကြိုင်၊ ဦးသိန်းဦး-ဒေါ်ခင်ဦးဆွေ၊ မခင်ချိုး၊ ဦးဌေးအောင်-မဥမ္မာတို့၏ အစ်ကို၊ ဒေါ်ကြည်ဝင်း (အထက-၄၊ သင်္ဃန်းကျွန်း)၏ ခင်ပွန်း၊ ဦးစိုးဝင်း(ဆရာစိုး)သည် ၃-၅-၂၀၀၄ ရက်တွင်ကွယ်လွန်ပါ၍ ၇-၅-၂၀၀၄ ရက် ညနေ ၃နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ် ပါမည်။၉-၅-၂၀၀၄(တနင်္ဂနွေနေ့)တွင် အမှတ် ၄၄၊ ဘုရင့်နောင်လမ်း (၅၁)ရပ်ကွက်၊ ဒဂုံမြောက် ထားဝယ်ချောင်ကျေးရွာ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးချစ်ညာ(ခ)ကွာအင်ကျွမ်း

အသက်(၇၄)နှစ်

(မန္တလေး)

ရန်ကုန်တိုင်း၊ကျောက်တန်းမြို့နေ (ဦးချစ်ခင်-ဒေါ်ကင်ထား)တို့၏ သား၊ မန္တလေးမြို့နေ ဦးရန်ခါ-ဒေါ်ရူဘီတို့၏ သားသမက်၊ မန္တလေးမြို့၊ အမှတ်(၈၄)၊ (၁၉)လမ်းနှင့်(၆၂)လမ်းထောင့်၊ နန်းရှေ့နေဦးစိုးညွန့်ဟန်-ဒေါ်မီမီသန်း၊ ဦးသန်းထူး၊ ဒေါ်ကြည်ကြည်ခိုင်၊ ဦးစိုးညွန့်နိုင်-ဒေါ်မြင့်မြင့်သန်း၊ ဦးရဲညွန့်နိုင်၊ ဦးထွန်းအောင်ကျော်-ဒေါ်မြမြခိုင်၊ ဦးမင်းဇော်ဝင်းတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏ အဘိုး၊ ဒေါ်ခင်စုဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၄-၅-၂၀၀၄ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် အထက်ပါ နေအိမ်မှ ကြာနီကန်-ဖူကျင့်တရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ဥမ္မာဝင်း (၃၉)နှစ်

နယ်စပ်/စည်ပင်

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၅၃၅)၊ ဒုတိယထပ်နေ (ဦးဝင်းမောင် အုပ်ချုပ်ရေးမှူး၊ ပုဇွန်တောင်-စည်ပင်-ငြိမ်း)-ဒေါ်ဝင်းဝင်း(နယ်စပ်/စည်ပင်-ငြိမ်း)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရေကျော်ရပ်၊နှင်းပန်းလမ်း၊ အမှတ်(၇)နေ (ဦးကြည်လွင်)-ဒေါ်တင်ရီတို့၏ သမီးချွေးမ၊ ဦးမင်းလွင်(B.Econ)၏ ဇနီး၊ ဒေါ်သီတာဝင်း-ဦးတင်မင်းခိုင်၊ (ဦးဆန်းဝင်း)၊ ဒေါ်ခင်မာဝင်း-ဦးစဝ်ခွန်ကြည်၊ ဦးနေမျိုးဝင်း-ဒေါ်စပယ်၊ဒေါ်ခိုင်သဇင်၊ ဒေါ်မူမူလွင်(FAA-Group,FMI Centre)၊ ဒေါက်တာစမ်းစမ်းလွင်(ရန်ကုန်ကလေးဆေးရုံကြီး)-ဒေါက်တာကျော်ကျော်ဦး (ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး)တို့၏ အစ်မ၊ မဆုမြတ်လွင်၏ မိခင်၊မချမ်းမြေ့မိုးဦး၊ မောင်ဟိန်းမင်းခန့်သူတို့၏ ကြီးကြီးမေသည်၄-၅-၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၆-၅-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ်(၇)နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ဒေါ်စောတင်(ခ)ဒေါ်တင်

အသက်(၉၂)နှစ်

(ဗိုလ်တထောင်)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၆၁/၆၂)လမ်းနေ(ဦးဖိုး-ဒေါ်လွန်းမေ) တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးစံညွန့်-ဒေါ်ယုံ)တို့၏သမီးချွေးမ၊ (ဦးသိန်းဟန်)၏ဇနီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မေတ္တာရိပ်မွန် အိမ်ရာ၊ တိုက်(B-4)၊အခန်း(၂၀၁)နေ ဦးမြင့်သိန်း(ကုန်သွယ်/လယ်ယာ၊ငြိမ်း)-ဒေါ်မြင့်မြင့်မေ(ဗဟိုတရားရုံးချုပ်၊ငြိမ်း) တို့၏မွေးသမိခင်၊ ကိုတင့်ဆွေ-မသစ်သစ်မြင့်၊ ကိုထိုက်သူ-မမိုးမိုးကြူ (အကောက်ခွန်ဦးစီးဌာန)၊ မခင်ခင်သူ (Htoo Trading)တို့၏ အဘွား၊မြစ်နှစ်ယောက်တို့၏အဘွားသည် ၂-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။၈-၅-၂၀၀၄(စနေနေ့) နံနက်၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်းကြည်(၇၈)နှစ်

(ပဲခူးယ်ကုန်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၁)ရပ်ကွက်၊ဇေယျာသုခလမ်း၊ ၉၃၂နေ (ဦးတင်အောင်၊ပဲနွယ်ကုန်း)၏ ဇနီး၊ ကိုကျော်ငွေ(ဆိပ်ကမ်း)-မစိုးသန်းခိုင်၊ တကကကျော်ရွှေ-မစိုးစိုးဝင်း၊ကိုသန်းထွန်း (GMP, Co., Ltd.)- မဖြူဖြူဝင်း၊ ကိုမြသိန်း - မအေးအေးချိုတို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၄-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၆-၅-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်ဆာဘီရာဘာနူး

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၅၇)နေ MD ဘိုင်းမီးယား-ဒေါ်ဟဝါဘီဘီတို့၏ သမီး၊ မြစ်ကြီးနားမြို့၊ ဆန်စက်ပိုင် လာလ်မိုဟာမက်-ဒေါ်မာဘူသန်ဘီတို့၏ သမီးချွေးမ၊ [ဖီဒါမိုဟာမက်(ခ)ဦးပီတာ]၏ဇနီး၊ မနီနီပီတာ၊ မဖြူဖြူပီတာ၊ မောင်ပီတာကျော်မြင့်သိန်း၊ မဟေမာပီတာတို့၏ မွေးသမိခင်ကျေးဇူးရှင်သည် ၄-၅-၂၀၀၄(အင်္ဂါနေ့)ည ၇:၄၀နာရီတွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၅-၅-၂၀၀၄ရက်တွင် ရေဝေး ကဘာရ်စတန်၌ ဒါဖနာပြုလုပ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း ဒါယကာ

ဦးတင်မြင့် (၇၇)နှစ်

(လျှပ်စစ်-ငြိမ်း)

(ထားဝယ်အသင်းဝင်)

(ဦးဖထု-ဒေါ်သင်းဆွေ)တို့၏ သား၊ ဦးဇော်သိန်း-ဒေါ်ခင်ကြည်၊ ဦးကြည်ကွန်-ဒေါ်တင်၊ ဦးဝင်းနိုင်-ဒေါ်ကြည်၊ (ဦးသန်းမြင့်)-ဒေါ်စန်းတို့၏ အစ်ကို၊ ဒေါ်စိန်၏ ခင်ပွန်း၊ ဦးတင်ဆန်း-ဒေါ်နွဲ့ဝင်း၊ ဦးစံလှဘော်-ဒေါ်ခင်အေးရီ၊ ဦးဖိုးသန်း၊ဦးဖိုးထူး-ဒေါ်စံသိန်းနု၊ ဒေါ်တင်တင်အေး၊ ဦးဖိုးအောင်-ဒေါ်သီသီဝင်း၊ ဦးဖိုးလှအောင်-ဒေါ်အေးထိုက်၊ ဒေါ်အေးမြင့်(အဏ္ဏဝါလွှမ်း)၊ (ဦးသင်္ခါကျော်)-ဒေါ်အေးအေးသက်၊ ဦးဖိုးသေးအောင်တို့၏ဖခင်၊ မြေး၂၄ယောက်တို့၏ အဘိုးသည် ၃-၅-၂၀၀၄ရက်တွင် ကွယ်လွန် သွားပါ၍ ၅-၅-၂၀၀၄ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၇၈)၊ စလင်းလမ်း၊ (၁၀) ရပ်ကွက်၊ လှိုင်သာယာနေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးသန်းတင် (၇၆)နှစ်

ဒု-အရာခံဗိုလ်(ငြိမ်း)

(ပိတောက်ချောင်း၊ ပုသိမ်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ်(၃၃၈)နေ (ဦးဘိုးကြည်-ဒေါ်အေးရင်)တို့၏ သား၊ (ဦးထွန်းဖေ-ဒေါ်သန်းမေ)တို့၏ သားသမက်၊ ဒေါ်ချို၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သက်သက်တင်၊ ဦးတင့်လွင်-ဒေါ်မျိုးမျိုးတင်၊ ဦးဆန်းမင်းအောင်-ဒေါ်ကြည်ကြည်တင်၊ ဦးကိုကိုတင်-ဒေါ်သန်းသန်းဆွေ၊ ဦးကျော်ကျော်တင်-ဒေါ်စမ်းစမ်းဝင်းတို့၏ ဖခင်၊ မြေး ၁၁ယောက်၊မြစ်တစ်ယောက်တို့၏ အဘိုးသည် ၄-၅-၂၀၀၄ရက်တွင် ကွယ်လွန် သွားပါ၍ ၆-၅-၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် သင်္ဃန်းကျွန်း စံပြဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ဥမ္မာဝင်း (၃၉)နှစ်

နယ်စပ်/စည်ပင်

ရန်ကုန်မြို့၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ်(၅၃၅)၊ ဒုတိယထပ်နေ (ဦးဝင်းမောင်၊အုပ်ချုပ်ရေးမှူး၊ ပုဇွန်တောင်စည်ပင်၊ငြိမ်း)-ဒေါ်ဝင်းဝင်း (နယ်စပ်/စည်ပင်-ငြိမ်း)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ်(၇)နေ ဦးမင်းလွင်(B.Econ)၏ ဇနီး၊ ဒေါ်ခင်စန်းမြင့်-(ဦးခင်မောင်ညွန့်)၊ ဒေါ်ခင်စန်းတင့်-ဦးသိန်း၊ ဦးမြင့်ဆွေ (ဦး/ရှိ၊ ပတခ၊ ငြိမ်း) - ဒေါ်သိန်းနွဲ့၊ ဒေါ်ရင်ရင်နု-ဦးမြင့်စိုး၊ ဒေါ်မြင့်မြင့်ဝင်း-ဦးဟန်ရွှေတို့၏ တူမသည် ၄-၅-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၆-၅-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ရန်ကုန်မြို့၊ ရေကျော်ရပ်၊ နှင်းပန်းလမ်း၊ အမှတ်(၇)နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလ လမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး ၂၉၁၈၃၂၊စာတည်းများ ၂၉၂၈၃၂၊ သတင်းထောက်မှူး ၂၉၂၈၃၃၊ မန်နေဂျာ ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ် ၂၉၂၈၃၁။ R/184

ရန်ကုန်မြို့တွင်းလမ်းများ အဆင့်မြင့်ပြုပြင်မွမ်းမံ

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ရှိ လမ်းများ အမြင်တင့်တယ်စေရန် လမ်းဘေးလူသွားစင်္ကြံများ၊ ရေနုတ်မြောင်းများ အဆင့်မြင့် ပြုပြင်မွမ်းမံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

အင်းလျားကန်ပေါင်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့်အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် ပြည်လမ်းမကြီးဘေး၊ အင်းလျားကန်ပေါင်နှင့် ပြည်လမ်းမကြီးကြား၌ ရေနုတ်မြောင်းမကြီး အုတ်စီပြီးစီးမှု၊ လူသွားစင်္ကြံကွန်ကရစ်ကျောက်ပြားများ ခင်းကျင်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန လမ်း၊ တံတားဌာနမှူး ဦးဗိုလ်ဌေးက ရန်ကုန်မြို့ ပြည်လမ်းမကြီးဘေး အင်းလျားကန်ပေါင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ ရန်ကုန်မြို့တော် အဆင့်မြင့် လုပ်ငန်းများဖြစ်သည့် ဗိုလ်အောင်ကျော်လမ်းဘေး စင်္ကြံကျောက်ပြားခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့တော်စည်ပင်)

မင်းတပ်-မတူပီ ကားလမ်းဖောက်လုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး လှည့်လည်စစ်ဆေး

ရန်ကုန် မေ ၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၈ရက် နေ့လယ်ပိုင်းက မင်းတပ်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းမှူးအား တာဝန်ရှိသူများက မင်းတပ်-မတူပီကားလမ်း ၁၀၂မိုင် ဖောက်လုပ်မှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ကျောက်ချောလမ်း

ယင်းနောက် တိုင်းမှူးက မင်းတပ်-မတူပီ ကားလမ်းအား ပွင့်လင်းရာသီအတွင်း လမ်းအကျယ်ပေ ၃၀ အမာခံကျောက်ချောလမ်းအဖြစ် ဖောက်လုပ်သွားရန် ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဧပြီ ၂၉ရက် နံနက် ၆နာရီတွင် တိုင်းမှူးက မင်းတပ်-မတူပီ ကားလမ်းတစ်လျှောက် **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❒

ရွာရန်ရာနှုန်း(၄၀)

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း (၄၀) ဖြစ်သည်။

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဖွဲ့စည်း

ရန်ကုန် မေ ၄

မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း ဖွဲ့စည်းရေးအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ကုမ္ပဏီနှင့်အသင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်က အမှာစကားပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ✳

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် နေ့အပူချိန်များ

(၄-၅-၂၀၀၄)

မကွေး	-	၄၅ဒီဂရီစင်တီဂရိတ် (၁၁၃ ဒီဂရီဖာရင်ဟိုက်)
မင်းဘူး	-	၄၄ဒီဂရီစင်တီဂရိတ် (၁၁၁ဒသမ ၂ဒီဂရီဖာရင်ဟိုက်)
ညောင်ဦး	-	၄၄ဒီဂရီစင်တီဂရိတ် (၁၁၁ဒသမ ၂ဒီဂရီဖာရင်ဟိုက်)
မုံရွာ	-	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ဒသမ ၄ဒီဂရီဖာရင်ဟိုက်)
မိတ္ထီလာ	-	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ဒသမ ၄ဒီဂရီဖာရင်ဟိုက်)
သာယာဝတီ	-	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ဒသမ ၄ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်	-	၄၁ဒီဂရီစင်တီဂရိတ် (၁၀၅ဒသမ ၈ဒီဂရီဖာရင်ဟိုက်)